ဝါသဝ၊ သိကြားမင်း။ ယေန၊ အကြောင်ခရီးဖြင့်။ ဧကော၊ တစ်ဖီးသော။ ရထော၊ ယာဉ်သည်။ ယာတိ၊ သွား၏။ တေန၊ ထိုခရီးဖြင့်။ ပရော၊ တစ်ပါးသော။ ရထော၊ ရထားသည်။ (ဝါ) ယာဉ်သည်။ ယာတိ၊ သွား၏။ မယာ၊ ငါသည်။ ပေါရာဏံ၊ ရှေး၌ဖြစ်သော။ ယံဝတ္တံ၊ အကြောင်ကျင့်ဝတ်ကို။ နိဟိတံ၊ ဆောက်တည်အပ်၏။ တံဝတ္တံ၊ ထိုငါဆောက်တည်သောကျင့်ဝတ်သည်။ ဝတ္တတညေဝ၊ ဖြစ်သည်သာလျှင်တည်း။ သောတွံ၊ ထိုသင်သည်။ မာတိဋ္ဌတု၊ မတည်ပါလင့်။

၁၆၀။ ဂါထာနိဿယ

ယဒိ၊ အကယ်၍။ ဓနံ၊ ဥစ္စာသည်။ ဟေဿတိ၊ ဖြစ်လတ္တံ့။ ဒဿာမ၊ လှူကုန်အံ့။ အသန္တေ၊ ဥစ္စာမရှိသော်ကား။ ကိံ၊ အဘယ်ကို။ ဒဒါမသေ၊

http://www.dhammadownload.com

လျှုရကုန်အံ့နည်း။ ဧဝံ၊ ဤသို့။ ဘူတာပိ၊ မြက်ကိုဆောင်သည်ဖြစ်သော် လည်း။ ဒဿာမ၊ လျှုကုန်အံ့။ ဒါနံ၊ အလျှုကို။ မာ ပမဒမ္မသေ၊ ငါတို့မမေ့ကုန်။

တတ္ထ၊ ၌။ **အနရိယန္တိ၊** ဟူသည်ကား။ လာမကံ၊ ယုတ်သော။ ပါပကမ္မံ၊ မကောင်းသောအမှုကို။ **အရိယေနာတိ၊** ဟူသည်ကား။ ပရိသုဒ္ဓါစာရေန၊ စင်ကြယ်သောအကျင့်ရှိသော။ အရိယေန၊ သူတော်ကောင်းသည်။ **သုဒ္ဒ-တေနာပီတိ၊** ဟူသည်ကား။ သုဒ္ဒလိဒ္ဓေနာပိ၊ အလွန်ပင်ဆင်းရဲငြားသော် လည်း။ **အကိစ္စမာဟူတိ၊** ဟူသည်ကား။ အကတ္တဗ္ဗန္တိ၊ မပြုအပ်ဟူ၍။ ဗုဒ္ဓါဒယော၊ ဘုရားအစရှိကုန်သော။ အရိယာ၊ သူတော်ကောင်းတို့သည်။ ဝဒန္တိ၊ မိန့်တော်မူကုန်၏။ တွံ ပန၊ သင်သိကြားမင်းသည်ကား။ မံ၊ ငါ့ကို။ အနရိယံ၊ ယုတ်မာသော။ မဂ္ဂံ၊ ခရီးကို။ အာရောစေသိ၊ ကြားဘိ၏။ ကွတိအယံ အဓိပ္ပာယော၊ ဤသည်ကားအဓိပ္ပာယ်။ ဝေါတိ၊ ဝေါဟူသော သဒ္ဒါသည်။ နိပါတမတ္တံ၊ နိပါတ်မျှသာ။ **ယံ ဘောဝဟေတူတိ၊** ဟူသည်ကား။ ယဿ ဓနဿ၊ အကြင်ဥစ္စာကို။ ပရိဘုဉ္ဇနဟေတု၊ သုံးဆောင်လိုသော ကြောင့်။ မယံ၊ တို့သည်။ ဒါနသဒ္ဒံ၊ သဒ္ဒါတရားနှင့်ပြည့်စုံသောဒါနကို။ ဝိဇဟေမု ပရိစ္စဇေယျာမ၊ စွန့်ရကုန်၏။ နော၊ ငါတို့အား။ တံ ဓနမေဝ၊ ထိုဥစ္စာ သည်လျှင်။ မာအဟု၊ မဖြစ်စေသတည်း။ နော၊ ငါတို့သည်။ တေန ဓနေန၊ ထိုဥစ္စာဖြင့်။ န အတ္ထော၊ အလိုမရှိ။ ကွတိ၊ ဤသို့။ ဒီပေတိ၊ ပြ၏။

ရထောတိ၊ ဟူသည်ကား။ ယံကိဉ္စိ။ အမှတ်မရှိသော။ ယာနံ၊ ယာဉ်တည်း။ ကွဒံအယံ အဓိပ္ပာယော၊ ကို။ ဝုတ္တံ ဝုတ္တော၊ သည်။ ဟောတိ၊ ၏။ ယေနမဂ္ဂေန၊ အကြင် ခရီးဖြင့်သာလျှင်။ ဧကော၊ တစ်စီးသော။ ရထော၊ သည်။ ယာတိ၊ သွား၏။ အညောပိ၊ အခြားလည်းဖြစ်သော။ ရထော၊ သည်။ ဧသော၊ ဤခရီးသည်။ ရထဿ၊ ရထား၏။ ဂတမဂ္ဂေါ၊ သွားရာခရီးတည်း။ ကွတိ၊ သို့။ တေနမဂ္ဂေန၊ ထိုခရီးဖြင့်သာလျှင်။ ယာတိ၊ သွား၏။ **ပေါရာဏာ နိဟိတံ ဝတ္တန္တိ၊** ဟူသည်ကား။ မယာ၊ သည်။ ပုဗ္ဗေ ၌။ နိဟိတံ၊ ဆောက်တည် ထားအပ်သော။ ယံဝတ္တံ၊ အကြင်ကျင့်ဝတ်တည်း။ မယိ၊ ငါသည်။ တံ၊ ထိုကျင့်ဝတ်ကို။ ဓရန္တေ၊ ထင်ရှားရှိသောအခါ၌။ ဝတ္တတုယေဝ၊ ကျင့်သင့်သာ တည်း။ တုမ္ဟေ၊ တို့သည်ကား။ မာတိဋ္ဌတု၊ မတည်ကုန်လင့်။ ကွတိအယံ-

http://www.dhammadownload.com

အတ္ထော၊ ဤသည်ကား အဓိပ္ပာယ်။ ဧဝံဘူတာတိ၊ ကား။ ဧဝံ၊ ဤသို့။ တိဏဟာရကဘူတာပိ၊ မြက်ကိုဆောင်ရသော်လည်း။ မယံ၊ တို့သည်။ ယာဝ၊ လောက်။ ဇီဝါမ၊ အသက်ရှင်ကုန်၏။ တာဝ၊ လောက်။ တံ၊ ထိုအလှူကို။ ဒဿာမယော၀။ လှူကုန်သည်သာတည်း။ ကိံကာရဏာ၊ အဘယ်ကြောင့်နည်း။ **မာ ဒါနံ ပမဒမ္မသေတိ**၊ ကား။ ဟိ၊ သင့်စွ။ အဒဒန္တော၊ မလှူသောသူသည်။ ဒါနံ၊ ကို။ ပမဇ္ဇတိနာမ၊ မေ့လျော့သည်မည်၏။ နသရတိ၊ သတိမရ။ နသလ္လက္ခေတိ၊ မမှတ်မိ။ အဟံပန၊ ငါသည်ကား။ ဇီဝမာနော၊ အသက်ရှည်သည်ရှိသော်။ ဒါနံ၊ ကို။ ပမုသိတုံ၊ မေ့ခြင်းငှာ။ နက္ကစ္ဆာမိ၊ အလိုမရှိ။ တသ္မာ၊ ကြောင့်။ ဒါနံ၊ ကို။ ဒဿာမိယေ၀၊ ပေးအံ့သာလျှင်တည်း။ ဣတိ၊ ဤသို့။ ဒီပေတိ၊ ပြ၏။

သက္ကော၊ သိကြားမင်းသည်။ တံ၊ ထိုဘုရားလောင်းကို။ ပဋိဗာဟိတုံ၊ မြစ်ခြင်းငှာ။ အသက္ကောန္တော၊ မတတ်နိုင်သည်ဖြစ်၍။ ကိမတ္ထာယ၊ အဘယ်အကျိုးငှာ။ ဒါနံ၊ ကို။ ဒဒါသိ၊ နည်း။ ဣတိ၊ ဤသို့။ ပုစ္ဆိ၊ ၏။ ဗောဓိသတ္တော၊ သည်။ သက္ကတ္တံ၊ သိကြားအဖြစ်ကို။ နေ၀ ပတ္ထယမာနော၊ ငါမတောင့်တ။ ဗြဟ္မတ္တံ၊ ဗြဟ္မာအဖြစ် ကို။ န ပတ္ထယမာနော၊ မတောင့်တ။ သဗ္ဗညုတံ ပန၊ ဘုရားအဖြစ်ကိုကား။ ပတ္ထေန္တော၊ တောင့်တ၍။ အဟံ၊ သည်။ ဒဒါမိ၊ လှူ၏။ ဣတိ၊ ဤသို့။ အာဟ၊ ၏။ သက္ကော၊ သည်။ တဿ၊ ဘုရားလောင်း၏။ ဝစနံ၊ ကို။ သုတ္၀ာ၊ ၍။ တုဋ္ဌော၊ နှစ်သက်၍။ ဟတ္ထေန၊ လက်ဖြင့်။ ပိဋ္ဌိ၊ ကျောက်ကုန်းကို။ ပရိသဇ္ဇိ၊ သုံးသပ်၏။ ဗောဓိသတ္တဿ၊ အား။ တခ်ဏညေ၀၊ ထိုခဏ၌လျှင်။ ပရိမဇ္ဇိတမတ္တဿေ၀၊ သုံးဆောင်ကာမျှလျှင်။ သကလသရီရံ၊ ကိုယ်အလုံးသည်။ ပါရိပူရိ၊ ပြည့်၏။ သက္ကာနုဘာ၀ေန၊ သိကြား၏ အာနုဘော်ဖြင့်။ အဿ၊ ထိုဘုရားလောင်း၏။ သဗ္ဗော၊ သော။ ဝိဘာ၀ပရိစ္ဆေဒေါ၊ ဥစ္စာအပိုင်းအခြားသည်။ ပဋိပါကတိကော၀၊ ပြကတ္တေ့သာလျှင်။ အဟောသိ၊ ၏။ သက္ကော၊ သည်။ မဟာသေဋ္ဌိ၊ သူဌေးကြီး။ တံ၊ သည်။ ဣတော၊ ဤနေ့မှ။ ပဋ္ဌာယ၊ ၍။ ဒိ၀သေ ဒိ၀သေ၊ နေ့တိုင်းနေ့တိုင်း။ ဒွါဒသ သတသဟဿာနိ၊ တစ်သန်း နှစ်သိန်းသော ဥစ္စာတို့ကို။ ဝိဿဇ္ဇေန္တော၊ စွန့်၍။ ဒါနံ၊ ကို။ ဒဒါဟိ၊ ပေးလော့။ ဣတိ၊ ဤသို့။ တဿ၊ ထိုဘုရားလောင်း၏။ ဂေဟေ၊ အိမ်၌။

http://www.dhammadownload.com

အပရိမာဏံ၊ အတိုင်းအရှည်မရှိသော။ ဓနံ၊ ဥစ္စာကို။ ကတွာ၊ ပြု၍။ တံ၊ ထိုဘုရားလောင်းကို။ ဥယျောဇေတွာ၊ လွှတ်လိုက်၍။ သကဋ္ဌာနမေဝ၊ မိမိနေရာနတ်ရွာသို့လျှင်။ ဂတော၊ သွား၏။

သတ္ထာ၊ သည်။ ဣမံဓမ္မဒေသနံ၊ ကို။ အာဟရိတွာ၊ ၍။ ဇာတကံ၊ ကို။ သမောဓာနေသိ၊ ၏။ တဒါ၊ ၌။ သေဋ္ဌိဘရိယာ၊ သူဌေးမယားသည်။ ရာဟုလမာတာ၊ ရာဟုလာမယ်တော်သည်။ အဟောသိ၊ ဖြစ်၏။ ဝိသယော ပန သေဋ္ဌိ၊ ဝိသယ္ဟသူဌေးသည်ကား။ အဟမေဝ၊ ငါဘုရားသည်သာလျှင်။ အဟောသိ၊ ဖြစ်တော်မူ၏။

ဝိသယ္ဟဇာတကဝဏ္ဏနာ ဒသမာ။

ကောကိလဝဂ္ဂေါ စတုတ္ထော။

http://www.dhammadownload.com

ပထမလတ်တန်း
ဇာတ်အကျဉ်းချုပ်နှင့်သင်ခန်းစာများ

၃။ တိကနိပါတ်
၄။ အဗ္ဘန္တရဇာတ်

၁။ အဗ္ဘန္တရဇာတ်အကျဉ်းချုပ်

မြတ်စွာဘုရား ဇေတဝန်ကျောင်းတော်၌နေစဉ် ရှင်သာရိပုတ္တရာက ယသောဓရာထေရီအား သရက်သီးဖော်ရည် ရှာပေးခြင်းကိုအကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဟောတော်မူသည်။

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက်တွင် ဟိမဝန္တာ၌နေသော စျာန်ရရသေ့သည် တစ်နေ့သောအခါ ရသေ့အပေါင်းခြံရံ၍ ချဉ်ဆားမှီဝဲရန် ဗာရာဏသီသို့သွား၍ မင်းဥယျာဉ်၌ နေ၏။ ထိုရသေ့တို့၏သီလတန်ခိုးကြောင့် သိကြားမင်း၏နေရာသည် တုန်လှုပ်၏။ သိကြားမင်းသည် ထိုရသေ့များကိုနှိပ်စက်ရန် ညသန်းခေါင်အချိန်တွင် သားသမီးမရသော မိဖုရားကြီးထံသွား၍ "သင်သည် အဗ္ဘန္တရသရက်သီးကိုစားရလျှင် စကြဝတေးမင်းလောင်းသားရတနာကို ဖွားလတ္တံ့"ဟုဆို၏။ နောက်နေ့ နံနက်တွင် မိဖုရားကြီးသည် မင်းအားအကြောင်းစုံပြော၍ သရက်သီးကို အမတ်တို့အားရှာခိုင်းသော်လည်း သိကြားမင်း၏တန်ခိုးကြောင့် သရက်သီး တစ်လုံးမျှ ရှာ၍မတွေ့ကြပေ။ အမတ်တို့သည် ပြန်လာပြီး မင်းအား ဥယျာဉ်တော်ထဲ၌ သရက်သီးမရှိ၊ ရသေ့တို့သည် စားပစ်ကြ၏ဟုဆို၏။ ရသေ့တို့ကို ရိုက်နှက်နှင်ထုတ်စေ၏။ ထိုအခါ သိကြားမင်း၏ အလိုဆန္ဒ ပြည့်သွားလေတော့၏။

http://www.dhammadownload.com

မင်းသည် "သရက်သီးရနိုင်မည့်နေရာ ဘယ်နေရာရှိမလဲ"ဟုမေးလျှင် အဗ္ဘန္တရသရက်သည် ရွှေဂူထဲ၌ရှိ၏ဟု အမတ်တို့ထံမှ ကြားသိရ၍ ကျေးသား တစ်ကောင်ကိုစေလွှတ်၏။ ကျေးသားသည် ထိုအရပ်သို့သွား၍ ထိုအရပ်ရှိ ကျေးသားတို့ထံမေးသောအခါ ဝေဿဝဏ် နတ်မင်း၏နေရာ၌ရှိကြောင်း ပြော၏။ ထိုအရပ်သို့သွားသောအခါ နတ်မင်း၏အစောင့်ဘီလူးတို့က ကျေးသားကို ဤရွှေတောင်ကြား၌နေသည့် ဇောတိရသရသေ့ထံ နတ်မင်း ကြီးက နေ့စဉ် သရက်သီးလေးလုံးလျှ၏ဟု ဆိုကြလေသည်။ ထိုကျေးသား သည် ရသေ့ထံသွား၍ အကြောင်းစုံပြောပြလေရာ ဝေဿဝဏ် နတ်မင်းထံမှ တစ်လုံးကို ကျေးသားအတွက်၊ တစ်လုံးကို မိဖုရားကြီး အတွက်ပေးလိုက်၏။ မိဖုရားကြီး ထိုသရက်သီးကိုစားသော်လည်း သားကိုတော့ မရပေ။ ချင်ခြင်း အာသာပြေငြိမ်းခဲ့လေသည်။

ဇာတ်ပေါင်း။ ရာဟုလာမယ်တော်-မိဖုရား။ ကျေးသား-အာနန္ဒာ။
ဇောတိရသရသေ့-သာရိပုတ္တရာ။
ဥယျာဉ်၌နေသောရသေ့-ဗုဒ္ဓ။

အဗ္ဘန္တရဇာတ်မှ ရရှိသောသင်ခန်းစာ

ဤအဗ္ဘန္တရဇာတ်ကို ဖတ်ရှုရသဖြင့် တာဝန်ကျေပွန်သော မင်းမှူထမ်း ကျေးသားကဲ့သို့ မိမိထံအပ်နှံလာသည့်တာဝန်ကို ပြီးဆုံးသည်အထိ ဆောင်ရွက်ခဲ့ပုံများကို အတုယူပြီး မိမိကိုယ်တိုင်လည်း မိမိထံကျရောက် လာသည့်တာဝန်ကို ကျေပွန်အောင်ထမ်းဆောင်သင့်ကြောင်း၊ စည်းစိမ် မက်သူသည် သူတော်ကောင်းကို ရန်သူထင်တတ်ကြောင်း စသည့် သင်ခန်းစာများ ရရှိပါသည်။

၂။ ဓသမ္ဗျဇာတ်အကျဉ်းချုပ်

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌နေစဉ် အခြားအမတ် တို့ ကုန်းတိုက်သဖြင့် နှောင်ဖွဲ့ခံရသည့် ကောသလမင်း၏ သီလရှိသော

http://www.dhammadownload.com

အမတ်တစ်ဦးကိုအကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကိုဟောတော်မူသည်။

ဟာရာဏာသီပြည် ဘုရားလောင်းဗြဟ္မဒတ်မင်းသည် တရားနှင့်အညီမင်းပြုပြီး အလှူပေးခြင်း သီလဆောက်တည်ခြင်းတို့ကို ပြုလုပ်၏။ တစ်နေ့သောအခါ ပြစ်မှုကျူးလွန်သော အမတ်တစ်ဦးကို နန်းတွင်းမှနှင်ထုတ်လိုက်သည်။ ထိုအမတ်သည် အိမ်နီးချင်းမင်းတစ်ဦးထံ ခစားလေ၏။ အမတ်၏ကုန်းချောမှုကြောင့် အိမ်နီးချင်းခိုးသူမင်းသည် ဟာရာဏာသီမြို့သို့ ဝင်ပြီး မင်းနှင့်အမတ်များကို သံခြေကျင်းခတ် နှောင်အိမ်သွင်းထားသော်လည်း ခိုးသူမင်းအပေါ် မေတ္တာပွားလေ၏။ မေတ္တာစွမ်းအင်ကြောင့် ခိုးသူမင်းမှာ မီးရှို့ခံရသလို ခန္ဓာကိုယ်ပူပြင်းလာ၏။ ထိုအကြောင်းကို အမတ်တို့အား မေးသော် အမတ်တို့က "သီလရှိသောမင်းကို ပြစ်မှားသောကြောင့်"ဟု ဆိုကြ၏။ ခိုးသူမင်းလည်း ဘုရားလောင်း ဗြဟ္မဒတ်မင်းကို သွားရောက်ကန်တော့ကာ တိုင်းပြည်ကို ပြန်လည်အပ်နှံပြီး မိမိနိုင်ငံသို့ ပြန်သွားလေ၏။

ဘုရားလောင်းသည် "မေတ္တာဟာ ရန်ကိုအောင်နိုင်၍ အလွန်မြတ်သောတရားဖြစ်၏" စသည်ဖြင့် မေတ္တာဘာဝနာ၏ကျေးဇူးကို ချီးမွမ်းဟောကြားပြီး ဟိမဝန္တာသို့သွား၍ ရဟန်းပြုကာ ဈာန်အဘိညာဉ်တို့ကို ဖြစ်စေ၍ စုတေသော် ဗြဟ္မာပြည်သို့လားလေသည်။

ဇာတ်ပေါင်း။ ခိုးသူမင်း=အာနန္ဒာ။ ဟာရာဏာသီမင်း=ဗုဒ္ဓ။

သေယျဇာတ်မှ ရရှိသောသင်ခန်းစာ

ဤသေယျဇာတ်ကို ဖတ်ရှုရသဖြင့် "ရန်ကိုရန်ချင်း မတုံ့လျှင်းနှင့်" ဆိုသည့်အတိုင်း ရန်ကိုရန်ချင်း မတုံ့ပြန်ဘဲ မေတ္တာဖြင့်သာ တုံ့ပြန်သင့်ပါသည်။ မေတ္တာသည် ရန်သူကိုပင် မိတ်ဆွေဖြစ်လာရသည်။ "မေတ္တာတန်ခိုး (၁၁)မျိုးအကျိုးလက်ငင်းရ" ဆိုသည့်အတိုင်း မေတ္တာတည်းဟူသော လက်နက်ဖြင့်သာ အရာရာကိုအနိုင်ယူသင့်သည် စသည့် သင်ခန်းစာများ ရရှိပါသည်။

http://www.dhammadownload.com

၃။ ဝမုကီသူကရဇာတ်အကျဉ်းချုပ်

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် အဇာတသတ်မင်းကို စစ်အောင်စေနိုင်သည့် စစ်ရေးစစ်ရာ နည်းဗျူဟာကို ကောသလမင်းအား ပေးနေသော ဓနုဂ္ဂဟတိဿမထေရ်ကို အကြောင်းပြု၍ ဤအတိတ်ဇာတ် ကြောင်းကို ဟောတော်မူသည်။

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းနန်းစံစဉ် ဘုရားလောင်းသည် ရုက္ခစိုး နတ်ဖြစ်၏။ တစ်နေ့တွင် လက်သမားရွာနေ လက်သမားတစ်ဦးသည် ဝက် တစ်ကောင်ကို တောမှယူလာပြီး မွေးမြူ၍ "ဝမုကီသူကရ"ဟု အမည် ပေး၏။ ထိုဝက်ကြီးပြင်းလာသော် လက်သမားကို အကူအညီပေး၏။ ထိုဝက်ကို သူတစ်ပါးသတ်မည်စိုး၍ တောသို့သွားပြီးပြန်လွှတ်၏။ ထိုဝက် သည် တောင်ချောက်ကြား၌နေသည့် ဝက်တို့နှင့်အတူ နေလေတော့သည်။ ထိုဝက် တို့က "ဒီနေရာဟာ ကျားဆိုးရန်ကို ကြောက်ရသည်"ဟု ဆိုသဖြင့် "ဝမုကီသူကရ"က "ငါ ဒီကျားကိုဖမ်းအံ့၊ ငါ့စကားကိုနားထောင်ကြ" ဟုဆို၍ တွင်းနှစ်တွင်းတူး၏။ နောက်နေ့တွင် ကျားလာသောအခါ ဝမုကီသူရက တွင်းဝ၌ရပ်ပြီး စိန်ခေါ်၏။ ကျားသည် ဒေါသထွက်ပြီးပြေးလာသော် ထိုဝက် သည် တွင်းထဲဝင်လေ၏။ ကျားလည်း တွင်းထဲကျ၍သေ၏။ ထိုအခါ ဝက်တို့ က "အခြားကျားကိုလွှတ်နိုင်သော ရသေ့တစ်ပါးရှိ၏"ဟုဆိုသဖြင့် ဝမုကီ သူကရသည် ဝက်တို့ကိုခေါ်ပြီး ရသေ့စဉ်းလဲထံသွား၏။ ထိုရသေ့သည် ကြောက်ပြီး ရေသဖန်းပင်ပေါ် တက်လေ၏။

ထိုရေသဖန်းပင်ကို ရေလောင်း၍ အမြစ်မှတူးဖော်ရန် ဝက်တို့ အားပြော၏။ ထိုအခါ မြေသို့လဲကျပြီး အပိုင်းပိုင်းဖြတ်၍စားကြလေသည်။ ဝက်တို့သည် ဝမုကီသူကရကို မင်းမြောက်ကြလေ၏။ ထိုအခါ ဘုရားလောင်း ရုက္ခစိုးနတ်သည် "အသင်ဝက်တို့ဟာ ညီညွတ်ခြင်းဖြင့် ရန်သူကျားကို အောင်နိုင်ပြီး သေဘေးမှလွတ်မြောက်ကုန်၏"ဟု ခီးကျူးပြောဆိုလေသည်။

ဇာတ်ပေါင်း။ ဝမုကီသူကရဝက်=ဓနုဂ္ဂဟတိဿထေရ်။ ရုက္ခစိုးနတ်=ဗုဒ္ဓ။

http://www.dhammadownload.com

ဝမ္ဗုကီသူကရဇာတ်မှ ရရှိသောသင်ခန်းစာ

ဤဝမ္ဗုကီသူကရဇာတ်ကို ဖတ်ရှုရသဖြင့် စစ်ရေးစစ်ရာနည်းဗျူဟာကို ကျွမ်းကျင်လျှင် အားကြီးသောရန်သူကိုဖြိုခွင်းပြီး အောင်မြင်မှုပန်းတိုင်ကို ရောက်ရှိစေနိုင်၍ ဝက်တို့သည် ညီညွတ်ကြသဖြင့် ရန်သူကျားကိုအောင်နိုင်ပြီး သေဘေးမှလွတ်ရုံ ညီညွတ်ခြင်းသည် အင်အားဖြစ်ကြောင်း "စည်းလုံးညီညာအောင်ကြောင်းဖြာ" ဆိုသည့်အတိုင်း အောင်မြင်မှုကိုရရှိခဲ့သော သင်ခန်းစာများရရှိပါသည်။

၄။ သိရိဇာတ်အကျဉ်းချုပ်

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌နေစဉ် ကြက်မ၏ အမောက်၌တည်သော ကျက်သရေကိုခိုးသော်လည်း မထိုက်၍မရသည့် ပုဏ္ဏားတစ်ဦးကိုအကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကိုဟောသည်။

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းအုပ်စိုးစဉ် ဘုရားလောင်း ဈာန်ရရသေ့သည် ချဉ်ဆား မှဲ့ဝဲရန်ရောက်လာသော ရသေ့ကို မင်းဥယျာဉ်၌နေစေပြီး ဆင်ဆရာကို နေ့စဉ် ဆွမ်းလျှဒါန်း စေ၏။ တစ်နေ့တွင် ထင်းခွေသမားသည် အချိန်မိ မြို့တံခါးသို့မရောက်နိုင်၍ နတ်ကွန်းတစ်ခုတွင် ညအိပ်၏။ ထိုနတ်ကွန်းအနီး သစ်ပင်ပေါ်တွင်အိပ်ကြသော ကြက်နှစ်ကောင်သည် ရန်ဖြစ်ကြ၏။ အပေါ် သစ်ကိုင်းအိပ်သည့်ကြက်က "ငါ့အသားကိုစားသော သူသည် မင်းဖြစ်၏။ မိန်းမဖြစ်က မိဖုရားဖြစ်၏။ အရိုးအသားကိုစားလျှင် ဘဏ္ဍာစိုး၊ ရဟန်းဖြစ်လျှင် မင်းဆရာဖြစ်၏"ဟု ဆို၏။ ထိုစကားကိုကြားသော ထင်းခွေသမားသည် ထိုကြက်ကိုသတ်၍ယူလာခဲ့ပြီး ချက်ခိုင်း၏။ ထိုကြက်သားကို "မြစ်ကမ်းနား ရေချိုးပြီးမှစားအုံ"ဟု ဆိုကာ ကြက်သားနှင့်ထမင်းကို ကမ်းနား၌ထားကာ ရေချိုးကြ၏။ ထိုခဏ၌ပင် ရေတက်လာပြီး ရေထဲမျောပါသွား၏။

http://www.dhammadownload.com

အောက်နားတွင် ဆင်ကိုရေချိုးပေးနေသည့် ဆင်ဆရာသည် ထိုထမင်းတောင်းကို ဆယ်ယူပြီး "ငါမရောက်မချင်းမဖွင့်နှင့်"ဟု မှာပြီး မယားထံပို့၏။ ဘုရားလောင်းရသေ့သည် ထိုအကြောင်းကိုသိ၍ ဆင်ဆရာ၏အိမ်သို့ ဦးစွာနေ၏။ ဆင်ဆရာသည် အိမ်သို့ရောက်လျှင် ထိုကြက်သားဟင်း ထမင်းတို့ကို ရသေ့အားကပ်လှူ၏။ ရသေ့သည် အားကြီးသောအသားကို ဆင်ဆရာအားပေး၍ ကျန်အသားကို မယားအားပေးကာ အရိုးအသားကိုသာ မိမိစားလေ၏။ ရသေ့သည် ဆင်ဆရာအား "သင်သည် ယနေ့မှ သုံးရက်မြောက်၌ မင်းဖြစ်မည်"ဟုပြော၍ ဥယျာဉ်သို့သွား၏။ ထိုနေ့၌ ပြည်နီးချင်းမင်းတစ်ပါးသည် ဗာရာဏသီပြည်ကိုတိုက်ခိုက်ရာ ဆင်ဆရာအားမင်းအသွင်ဖြင့် စစ်ထိုးစေပြီး ဗာရာဏသီမင်းကမူ မထင်မရှား စီမံကွပ်ကဲပေးသော် မြားမှန်၍သေ၏။ ထိုအခါ ဆင်ဆရာသည် "ရှေ့တန်းမှ ရွှပ်ရွှပ်ခွံ့ခွံ့တိုက်သူများ ဆုခိုးမြွင့်မည်"ဟုဆိုသဖြင့် စစ်သည်များသည် တိုက်ခိုက်ကြရာ ရန်သူမင်းကျဆုံးပြီး အောင်ပွဲရခဲ့လေသည်။ အမတ်တို့က ဆင်ဆရာကို မင်းမြှောက်၍ ရသေ့သည် မင်းဆရာဖြစ်လေသည်။

ဇာတ်ပေါင်း။ မင်း-အာနန္ဒာ။ မင်းဆရာ-ဗုဒ္ဓ။

သိရီဇာတ်မှ ရရှိသောသင်ခန်းစာ

ဤဇာတ်ကို ဖတ်ရှုရသဖြင့် ကျက်သရေကို ခိုး၍မရပုံ၊ မိမိကိုယ်တိုင်ကောင်းမှုပြုမှသာ ကျက်သရေကို ရနိုင်သည်။ "ဘုန်းကံပွင့်နေ ကျက်သရေရှိပေထိုက်သူမှာ"ဆိုသည့်အတိုင်း ဘုန်းကံရှိသူသည်သာ ဘုန်းကံရှိသောရတနာကို ရနိုင်ကြောင်း စသည့်သင်ခန်းစာများရရှိပါသည်။

၅။ မဏိသုကရဇာတ်အကျဉ်းချုပ်

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌နေစဉ် "သုန္ဒရိပရိဋ္ဌိမ" သေခြင်းကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကိုဟောတော်မူသည်။

http://www.dhammadownload.com

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းအုပ်ချုပ်စဉ် ဘုရားလောင်းသည် ဟိမဝန္တာဌ်နေ၏။ သူ့ကျောင်းအနီးတွင် ဝက်များနေသည့် ပတ္တမြားလိုဏ်ဂူရှိ၏။ အနီးဌ်ကျက်စားသည့် ခြင်္သေ့၏အရိပ်သည် ထိုပတ္တမြားဂူဌ်ထင်၏။ ဝက်တို့သည် ခြင်္သေ့ရိပ်ကိုမြင်ပြီး ကြောက်ကြသဖြင့် ရေကန်သို့သွားပြီး ရွံ့ညွှဲလူးကာ ပတ္တမြားဂူကို ပွတ်ကြလေ၏။ ထိုပတ္တမြားဂူသည် ပွတ်တိုက်ခြင်းခံရလေ ပို၍ကြည်လင်လေဖြစ်လာ၏။ ထိုအကြောင်းကို ဘုရားလောင်းထံ ဝက်တို့က "ဤပတ္တမြားကို အဘယ်သို့ညစ်နွမ်းအောင် လုပ်မည်နည်း"ဟု လျှောက်ကြလေရာ ဘုရားလောင်းက "ဤပတ္တမြားသည် ကြောင်မျက်ရွဲဖြစ်၍ အရောင်ကိုမဖျောက်နိုင်။ သင်တို့သာ အခြားနေရာသို့ ပြောင်း၍နေကြ"ဟုဆို၍ အခြားနေရာသို့ ပြောင်းသွားကြလေ၏။

ဇာတ်ပေါင်း။ ရသေ့ဗုဒ္ဓ။

မဏိသုကရဇာတ်မှ ရရှိသောသင်ခန်းစာ

ဤမဏိသုကရဇာတ်ကို ဖတ်ရှုရသဖြင့် ပတ္တမြားမှန်လျှင် နွံနစ်သော်လည်း မညစ် ဆိုသည့်အတိုင်း အစစ်အမှန်ဖြစ်သဖြင့် ဝက်များ ရွံ့ညွှဲလူးပြီး ကိုယ်ဖြင့်ပွတ်တိုက်သော်လည်း မှေးမှိန်သွားခြင်းမရှိဘဲ ပို၍ အရောင်တောက်လာကာ အခြားနေရာသို့ ပြောင်းရွှေ့သွားရုံ၊ အစစ်နှင့်အတု မခွဲခြားတတ်၍သာ ဖြစ်ရုံ အတုသည် အစစ်နှင့် ယှဉ်က အစစ်ကဲ့သို့ အရောင်မထွက်ပေ စသည့် သင်ခန်းစာများရရှိပါသည်။

၆။ သာလူကဇာတ်အကျဉ်းချုပ်

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းဌ်နေစဉ် အပျိုကြီးဖျားယောင်း၍ သာသနာဌ် ငြီးငွေ့သော ရဟန်းတစ်ပါးကို အကြောင်းပြုပြီး ဤအတိတ်ဇာတ်ကြောင်းကိုဟောတော်မူသည်။

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းအုပ်ချုပ်စဉ် ဘုရားလောင်း မဟာလောဟိတန္ဓားသည် ညီ စူဠလောဟိတန္ဓားနှင့်အတူ အိမ်တစ်အိမ်ဌ် အမှူ

http://www.dhammadownload.com

တို့ကို ပြုလုပ်၏။ ထိုအိမ်၌ အရွယ်ရောက်သည့် အမျိုးသမီးကို ထိမ်းမြားမည့်နေ့တွင် ဟင်းလျာအတွက်ရည်မှန်းထားသော သာလူက အမည်ရှိသော ဝက်ကို ယာဂုထမင်းတို့ဖြင့် ကောင်းစွာကျွေး၏။ ထိုအခါ "စူဠလောဟိတ"က အစ်ကို အလုပ်လုပ်သည့်ငါတို့ကို ကောင်းကောင်းမကျွေးဘဲ အဘယ်ကြောင့် ဤဝက်ကို ကောင်းကောင်းကျွေးသနည်း"ဟု မေး၏။ မဟာလောဟိတက "ဟင်းလျာအတွက် ကောင်းကောင်းကျွေးသည့်အကြောင်း" ပြောပြလေ၏။ မကြာမီ ထိမ်းမြားမည့်နေ့သို့ရောက်သော် အိမ်ရှင်တို့သည် "သာလူက"ကို သတ်ပြီး ဟင်းချက်ကြ၏။ ထိုအခါ စူဠလောဟိတက "အစ်ကို ငါသည် သာလူက စားသည့်အစာ၏အကျိုးကိုမြင်ပြီး ထိုအစာထက် မြက်ကောက်ရိုးက အဆပေါင်းများစွာမြတ်၏"ဟု ဆိုလေ၏။

ဇာတ်ပေါင်း။ သာလူကဝက် - ငြိုးငွေ့သောရဟန်း။
စူဠလောဟိတ - အာနန္ဒာ။ မဟာလောဟိတ - ဗုဒ္ဓ။

သာလူကဇာတ်မှ ရရှိသောသင်ခန်းစာ

ဤသာလူကဇာတ်ကို ဖတ်ရှုရသဖြင့် စားကောင်းကျွေးလည်း အရေးထောက်ချင့် ဝမ်းမမြောက်လင့် ဆိုသလို အစာအာဟာရကို သုံးဆောင်ရာတွင် အသက်ရှည်ရာ အနာမဲ့ကြောင်းဖြစ်ရန် သုံးဆောင်သင့်၏။ အစာစားဖို့ အသက်ရှင်ခြင်းထက် အသက်ရှင်ဖို့ အစာစားခြင်းသာ ဖြစ်သင့်၏။ အစားအစာအတွက် ရမ္မက်အာသာ တဏှာမဖြစ်စေသင့်။ မြူးရယ်မာန်ကြွ၊ လှပရေဆင်း ပြည့်ဖြိုးခြင်းငှာ မသုံးဆောင်သင့်ပါ၊ မိမိနှင့်သင့်လျော်သော အစာကိုသာ စားသုံးသင့်ပါသည် စသော သင်ခန်းစာများ ရရှိပါသည်။

၇။ လာဘဂရဟာဇာတ်အကျဉ်းချုပ်

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် လာဘ်ပေါများခြင်းအကြောင်းကိုမေးသော ရှင်သာရိပုတ္တရာနှင့်အတူနေတပည့်ကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကိုဟောတော်မူသည်။

http://www.dhammadownload.com

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်း ဒိသာ-ပါမောက္ခဆရာသည် လုလင်ငါးရာတို့အား အတတ်သင်ပေး၏။ အကျင့်သီလကောင်းသည့် တပည့်တစ်ဦးက ဆရာ့ထံလာ၍ လာဘ်ရခြင်းအကြောင်းကို မေး၏။ ဆရာက "အရှက်အကြောက်မရှိသော၊ ကုန်းတိုက်တတ်သော၊ ကချေသည်တို့ကဲ့သို့ အမူအရာကိုပြုတတ်သော၊ ရောက်တတ်ရာရာ ပြောဆိုတတ်သောသူသည် မိုက်မဲသည့်လူများထဲမှ လာဘ်ကိုရ၏"ဟု ပြော၏။ တပည့်သည် ထိုအကျင့်ကို ကဲ့ရဲ့၍ ရသေ့ရဟန်းပြုသွား၏။ စုတေသော် ဗြဟ္မာပြည်သို့လားလေ၏။

ဇာတ်ပေါင်း။ တပည့်-လာဘ်များကြောင်းအကျင့်ကို ကဲ့ရဲ့သောရဟန်း။
ဒိသာပါမောက္ခဆရာ-ဗုဒ္ဓ။

လာဘဂရဟဇာတ်မှ ရရှိသောသင်ခန်းစာ

ဤလာဘဂရဟဇာတ်ကို ဖတ်ရှုရသဖြင့် အရှက်အကြောက်တရားကင်းရမည်၊ ကုန်းတိုက်ပြောဆိုခြင်း၊ ရောက်တတ်ရာရာ ဖရိုဖရဲပြောဆိုခြင်း၊ လာဘသက္ကာရသိလောကကို မလိုက်ဘဲ ရဟန်းတရားအားထုတ်ကာ ကောင်းရာသုဂတိသို့ လားရောက်ရသည့် တပည့်ကဲ့သို့ နေထိုင်ကြရမည်ဟူသော သင်ခန်းစာများရရှိပါသည်။

၈။ မစ္ဆုဒ္ဒါနဇာတ်အကျဉ်းချုပ်

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် ကောက်ကျစ်သည့် ကုန်သည်တစ်ဦးကိုအကြောင်းပြု၍ ဤအတိတ်ကြောင်းကို ဟောတော်မူသည်။

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းအုပ်ချုပ်စဉ် ဘုရားလောင်းသူကြွယ်သည် သူ၏ညီနှင့်အတူ ကုန်ရောင်းသွား၏။ ငွေတစ်ထောင်ရ၍ပြန်လာသော် မြစ်ဆိပ်သို့လှေဆိုက်ကပ်စဉ် ထမင်းစားကြ၏။ ဘုရားလောင်းသည် စားကြွင်းများကို ငါးတို့အားကျွေး၍ မြစ်စောင့်နတ်အား ဒါနအဖို့ကိုပေးပြီး သဲပြင်၌

http://www.dhammadownload.com

အိပ်၏။ ညီသည် ထိုငွေတစ်ထောင်ကိုရယူလို၍ ငွေထုပ်နှင့်တူအောင် ကျောက်စရစ်ထုပ်တစ်ထုပ် ထုပ်ပြီး အထုပ်နှစ်ခုကို အတူပေါင်းထားလိုက်၏။ လှေစီး၍ ဂင်္ဂါမြစ်လယ်သို့ရောက်သော် ညီသည် ကျောက်စရစ်ထုပ်ကို ရေထဲ ချလိုက်ပြီး "အစ်ကို ငွေထုပ်ရေထဲကျသွားပြီ"ဟု ပြော၏။ ထိုအခြင်းအရာကို မြင်ရသော မြစ်စောင့်နတ်သည် ငါးတစ်ကောင်အား ထိုငွေထုပ်ကိုမျိုစေပြီး တံငါတို့၏ပိုက်ကွန်ထဲသို့ ဝင်စေ၏။ ညီသည် အိမ်သို့ရောက်၍ အထုပ်ကို ဖြေသော် ကျောက်စရစ်ထုပ်ဖြစ်နေပြီး သောကဖြစ်နေ၏။ တံငါသည်တို့သည် ပိုက်မိသောငါးကိုရောင်းသော် ဘုရားလောင်းသူကြွယ်ကဝယ်ယူပြီး ဝမ်းကို ခွဲသော် ငွေထုပ်ကိုမြင်၍အံ့ဩ၏။ ထိုအခါ မြစ်စောင့်နတ်လာ၍ရပ်ပြီး အကြောင်းစုံပြောကာ ဤငွေထုပ်ကို ခိုးသူညီအား ခွဲဝေမပေးနှင့်ဟု ဆို၏။ သို့သော် "ဤသို့ပြုရန်မသင့်"ဟုဆိုပြီး ညီအား ငွေငါးရာပေးလေ၏။

ဇာတ်ပေါင်း။ စဉ်းလဲသောကုန်သည်-ညီ။ အစ်ကို-ဗုဒ္ဓ။

မစ္ဆဒ္ဒါနဇာတ်မှ ရရှိသောသင်ခန်းစာ

ဤမစ္ဆဒ္ဒါနဇာတ်ကို ဖတ်ရှုရသဖြင့် "ကောက်ကျစ်လှည့်စား ပြုသူအား အများလူနတ် မုန်း" ဆိုသည့်အတိုင်း ကောက်ကျစ်စဉ်းလဲသူသည် ကောင်းကျိုးကို မရနိုင်။ ဥစ္စာရင်းမှန်လျှင် ပြန်၍ရသည်သာ။ ငွေနှင့် ပတ်သက်လျှင် ညီအစ်ကို မောင်နှမပင်ဖြစ်စေကာမူ စိတ်ချယုံကြည်၍ မရနိုင်ပေ။ ကောက်ကျစ်လှည့်စားသူကို လူနတ်အများမချစ်ပေဟူသော သင်ခန်းစာများ ရရှိပါသည်။

၉။ နာနာဆန္ဒဇာတ်အကျဉ်းချုပ်

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် အာနန္ဒာမထေရ်၏ ဆုရှစ်ပါးရခြင်းကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဟောတော်မူသည်။

http://www.dhammadownload.com

ဘုရားလောင်းသည် ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း၏ သား ဖြစ်၍ ဖခင်ကွယ်လွန်သော် မင်းဖြစ်၏။ ဖခင်လက်ထက်က ရာထူးချထားသည့် ပုဏ္ဏားသည် ဆင်းရဲ၍ အိမ်အိုတစ်ခု၌နေ၏။ တစ်နေ့သောအခါ ဘုရားလောင်းသည် မထင်မရှားအသွင်ဖြင့် လှည့်လည်စုံစမ်း၏။ ခိုးသူတို့သည် သေတင်းကုပ်၌ အရက်သောက်ပြီး အိုးများကိုယူသွားကြ၏။ လမ်းခရီးကြား၌ မင်းကိုမြင်၍ ရိုက်နှက်ပြီး အိုးကိုထမ်းခိုင်း၍ သွားကြလေ၏။ ပုရောဟိတ်ဟောင်း ပုဏ္ဏားသည် နက္ခတ်တို့ကိုကြည့်ပြီး ပုဏ္ဏေးမအား "မင်းသည် ရန်သူလက်သို့ ကျရောက်၏"ဟု ဆိုသော် မင်းသည် ထိုစကားကိုကြား၍ အရက်သမားတို့ကို တောင်းပန်ပြီး မိမိကိုလွှတ်ခိုင်း၏။ ထိုခဏ၌ပင် ထိုပုဏ္ဏားသည် "ရှင်မ မင်းသည် ရန်သူလက်မှလွတ်သွားပြီ"ဟုဆို၏။ မင်းသည် ထိုအိမ်တည်ရှိရာသို့ မှတ်ပြီး ပြန်လာ၏။ နံနက်ခင်းတွင် ပုဏ္ဏားတို့ကိုခေါ်၍ "သင်တို့ညက နက္ခတ် ကောင်း မကောင်း၊ အန္တရာယ်ရှိ မရှိ" မေး၏။ ပုဏ္ဏားများက ကောင်းသည့်အကြောင်း ပြောကြ၏။ မင်းသည် ပုရောဟိတ်ဟောင်း ပုဏ္ဏားကိုခေါ်စေပြီး မေးပြန်၏။ "မင်းကြီး ရန်သူလက်သို့ရောက်၍ ခဏချင်းပင် လွတ်သွား၏"ဟု ဆို၏။

ထိုအခါ မင်းသည် ကျန်သည့်ပုဏ္ဏားတို့ကိုနှင်ထုတ်ပြီး ပုရောဟိတ်ဟောင်း ပုဏ္ဏားအား "သင့်ကိုကြည်ညို၏၊ လိုသောဆုကိုတောင်းလော့"ဟု ဆို၏။ ပုဏ္ဏားက အိမ်ပြန်ပြီးတိုင်ပင်ဦးအုံ့ဟုဆိုကာ အိမ်ပြန်၍တိုင်ပင်သော် အမျိုးမျိုးဝိဝါဒကွဲလေ၏။ မင်းသည် အိမ်သားအားလုံး လိုချင်သောဆုကိုပေးပြီး ထိုပုဏ္ဏားကို ပုရောဟိတ်ခန့်ထားလေတော့သည်။

ဇာတ်ပေါင်း။ ပုဏ္ဏား=အာနန္ဒာ။ မင်း=ဗုဒ္ဓ။

နာနာဆန္ဒဇာတ်မှ ရရှိသောသင်ခန်းစာ

ဤဇာတ်ကို ဖတ်ရှုရသဖြင့် "တတ်သည့်ပညာမနေသာ၊ လူတစ်ကိုယ် အကြွေက်တစ်မျိုး" ဆိုသည့်အတိုင်း နက္ခတ်အတတ်ကို တတ်သဖြင့် နက္ခတ်ကိုဟောသည့် ပုဏ္ဏားသည် သူတတ်သည့်ပညာကို လေးလေးစားစားလုပ်ပြ

http://www.dhammadownload.com

သည့်အတွက် အလုပ်က ကျေးဇူးပြုတတ်သည်ကိုလည်းကောင်း၊ တိမ်ဖုံးနေသော လကဲ့သို့ ပညာရှိသည် တစ်နေ့မှာထင်ပေါ်စမြဲဖြစ်သည် ဟူသော သင်ခန်းစာများရရှိပါသည်။

၁၀။ သီလဝိမံသကဇာတ်အကျဉ်းချုပ်

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် သီလကိုစုံစမ်းတတ်သော ပုဏ္ဏားတစ်ဦးကိုအကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဟောတော်မူသည်။

ဘုရားလောင်းသည် ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း၏ ပုရောဟိတ်ဖြစ်၏။ မိမိ၏သီလကိုစုံစမ်းလို၍ ရွှေပန်းထိမ်သည်၏ ပျဉ်မှ သုံးရက်ဆက်တိုက် ရွှေတစ်သပြာစီယူသော် သူ့ကိုဖမ်း၍ မင်းထံခေါ်ဆောင် သွား၏။ မင်းက "အဘယ်ကြောင့် ဤအမှုကိုပြုသနည်း"ဟု မေးသော် ဘုရားလောင်းက "မိမိ၏သီလကို စုံစမ်းလို၍ ပြု၏"ဟု ဆိုသဖြင့် သီလ၏ကျေးဇူးကို မင်းအား ဟောကြား၏။ "ဤ လောက၌ အမျိုးအနွယ်သည် ယုတ်ညံ့ပြီး၊ သီလသည်သာ မြင့်မြတ်ကြောင်း သိရပေပြီ"ဟု ဆိုလျက် မင်းအား ခွင့်ပန်ပြီး ဟိမဝန္တာတောသို့ဝင်၍ ရသေ့ရဟန်းပြုလေ၏။ သူသည် စျာန်အဘိညာဉ်တို့ကို ဖြစ်စေ၍ စုတေသော် ဗြဟ္မာပြည်သို့ လား၏။

ဇာတ်ပေါင်း။ ပုရောဟိတ်ပုဏ္ဏား-ဗုဒ္ဓ။

သီလဝိမံသကဇာတ်မှ ရရှိသောသင်ခန်းစာ

ဤသီလဝိမံသကဇာတ်ကို ဖတ်ရှုရသဖြင့် အကျင့်သီလနှင့် ပြည့်စုံသောသူသာ အလေးအမြတ်ပြုခြင်းကို ခံရမည်။ သူတော်ကောင်းတို့၏ ဥစ္စာအစစ်ကား အကျင့်သီလဖြစ်သည်။ ကိုယ်ကျင့်သီလနှင့်မပြည့်စုံလျှင် မင်းပြစ်မင်းဒဏ်ကိုလည်းခံရမည်။ ကိုယ်ကျင့်သီလပြည့်စုံရန်သာ အရေးကြီးသည်"အမျိုးနွယ်ဇာတ် မမြင့်မြတ်၊ မွန်မြတ်သီလသာ"ဟူသည်နှင့်အညီ သီလသည်သာ မွန်မြတ်သည်ဟူသော သင်ခန်းစာများရရှိပါသည်။

http://www.dhammadownload.com

၅။ ကုမ္ဘဝဂ္ဂ

၁။ သုရာယဋ္ဌဇာတ်အကျဉ်းချုပ်

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် သေရည်သောက်ခြင်းဖြင့် မိဘတို့ဥစ္စာကိုဖျက်ဆီးသော အနာထပိဏ်သူဌေး၏တူကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဟောတော်မူသည်။

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းအုပ်စိုးစဉ် ဘုရားလောင်းသူဌေးသည် ကောင်းမှုပြု၍ သေသော် သိကြားမင်းဖြစ်၏။ သူ၏သားသည် အသောက်အစား အပျော်အပါးကြွေးသဖြင့် ပစ္စည်းဥစ္စာများ ကုန်သွားလေသည်။ သူသည် အထီးကျန်ပြီး ပုဆိုးနွမ်းကိုဝတ်ကာ တောင်းစားရ၏။ သိကြားမင်းသည် ထိုအကြောင်းကိုသိ၍ အလိုရှိတိုင်းထုတ်ပေးနိုင်သော ဣန္ဒာသယအိုးတစ်လုံးကို ယူလာ၍ပေးပြီး ပြန်သွား၏။ ထိုအခါမှစ၍ သူ၏သားသည် အရက်ကို အလွန်အကျွံသောက်ပြီး အရက်မူး၍ ထိုဣန္ဒာသယအိုးကို ကောင်းကင်သို့ မြှောက်ပြီးဖမ်းသော် လွဲချော်သဖြင့် ကွဲသွား၏။ သူသည် တစ်ဖန်ဆင်းရဲ၍ လှည့်လည်တောင်းစားလျက် ဆင်းရဲစွာသေရလေ၏။

ဇာတ်ပေါင်း။ အိုးခွဲသည့်အရက်သမား-အနာထပိဏ်သူဌေး၏တူ။
သိကြားမင်း-ဗုဒ္ဓ။

သုရာယဋ္ဌဇာတ်မှ ရရှိသောသင်ခန်းစာ

ဤသုရာယဋ္ဌဇာတ်ကို ဖတ်ရှုရသဖြင့် "လူမိုက်နှင့်ငွေ အတူမနေ" ဆိုသည့်အတိုင်း လူမိုက်သည် အချည်းအနှီး မိဘတို့၏ ဥစ္စာအမွေများကို သောက်စားဖြုန်းတီးပစ်သော အနာထပိဏ်သူဌေး၏တူကဲ့သို့ လူမိုက်ကို ခိုးမြှောက်ခြင်းကား အချည်းနှီးဖြစ်သည်။ လူမိုက်ကို ခိုးမြှောက်ခြင်းကား သဲထဲရေသွန်သလိုသာဖြစ်သည်။ မကြေးကြမ်းနှင့်၊ မဟောရမ်းနှင့်၊ မသော့သွမ်းနှင့် ပျော်ပါးလိုက်စား၊ ပျက်ဆုံးပါး၊ သိကြားကိုယ်တိုင် မကယ်နိုင်ဟူသော သင်ခန်းစာများရရှိပါသည်။

http://www.dhammadownload.com

၂။ သုပတ္တဇာတ်အကျဉ်းချုပ်

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် လေနာထသည့် ရာဟုလာ၏မယ်တော် ဗိမ္ဘာထေရီမအား ရှင်သာရိပုတ္တရာပေးသော ငါးကြင်းသားဟင်း၊ ထောပတ်နှင့်ရောထားသော သလေးဆွမ်းကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဟောတော်မူသည်။

ဗာရာဏသီပြည် မြဟ္မဒတ်မင်းလက်ထက်တွင် ဘုရားလောင်း သုပတ္တကျီးမင်းသည် သုဖဿာမိဖုရားနှင့်အတူ ကျီးအပေါင်းခြံရံလျက် ဗာရာဏသီပြည်ကိုမှီ၍နေ၏။ သုဖဿာသည် ဘုရားလောင်းနှင့် အစာရှာရန် မင်း၏စားဖိုအိမ်ပေါ်မှသွားသော် ငါးအမဲနံ့ရ၍ စားချင်နေ၏။ ထို အကြောင်းကို သုခုမ ကျီးစစ်သူကြီးကြားသဖြင့် မင်းဘောဇဉ်ကိုယူဆောင်ရန် ကျီးတို့ကိုခေါ်သွား၏။ စားဖိုသည်သည် မင်းရင်ပြင်သို့ရောက်သော် ကျီးစစ်သူကြီး သုမုခသည် ကျီးတို့အားအချက်ပေး၍ စားဖိုသည်၏ရင်ဘတ်၌ နားလျက် ခြေသည်းဖြင့်ကုတ်ဖဲ့ပြီး နှာခေါင်းကို နှုတ်သီးဖြင့်ဆိတ်၍ အတောင်နှစ်ဖက်ဖြင့် မျက်နှာကိုပိတ်ထား၏။

မင်းသည် ထိုအခြင်းအရာကိုမြင်၍ စားဖိုသည်အား "ထမင်းခွက်များကိုစွန့်၍ ကျီးကိုဖမ်းလော့"ဟု ဆို၏။ စားဖိုသည်သည် သုမုခကျီးကို ဖမ်းမိနေစဉ် ကျီးသူရဲကောင်းရှစ်ကောင်က ဝအောင်စားပြီး အကျန်ကိုယူ၍ ကျီးမင်း သုပတ္တနှင့် သုဖဿာမိဖုရားတို့ကို ပေး၏။ စားဖိုသည်သည် ကျီးစစ်သူကြီး သုမုခကို မင်းထံယူသွား၏။ မင်းကြီးကမေးသော် "အကျွန်ုပ်သည် ကျီးမင်းအတွက် အသက်စွန့်၍ဆောင်ရွက်ပါ၏"ဟု ဆို၏။ မင်းကြီးက "လူဖြစ်သော ငါတို့သည် ဥစ္စာအများကြီးပေး၍လည်း ငါတို့အတွက် အသက်စွန့်သူ မရ။ သင်ကား အလွန်မြတ်ပေသည်"ဟုဆိုကာ ထီးဖြူဖြင့်ပူဇော်၏။ ကျီးစစ်သူကြီးက ကျီးမင်း၏ကျေးဇူးကို ခီးကျူးပြောဆို၍ ကျီးမင်းကိုခေါ်ကာ တရားနာပြီး ကျီးမင်းနှင့် ကျီးစစ်သူကြီးတို့အား မင်း၏ဘောဇဉ်ကို မပြတ်ပေး၍ ကျီးတို့အား ထမင်းဝတ်ပြု၏။ မင်းသည် ဘုရားလောင်း သုပတ္တ၏ အဆုံးအမဖြင့် သီလခံယူပြီး သတ္တဝါတို့အား ဘေးမဲ့ပေးလေ၏။

http://www.dhammadownload.com

ဇာတ်ပေါင်း။ မင်း-ရှင်အာနန္ဒာ။ သုမုခစစ်သူကြီး-ရှင်သာရိပုတ္တရာ။
သုဖဿာကျီးမိဖုရား-ရာဟုလာမယ်တော်။
သုပတ္တာကျီးမင်း- ဗုဒ္ဓ။

သုပတ္တဇာတ်မှ ရရှိသောသင်ခန်းစာ

ဤသုပတ္တဇာတ်ကို ဖတ်ရှုရသဖြင့် သူ့ဆန်စား ရဲမှ ဆိုသကဲ့သို့ တိရစ္ဆာန်သည် လူတို့ထက် သစ္စာရှိ၍ ကျေးဇူးကိုသိတတ်ပုံ၊ မကြောက်ကြမ်းနှင့်၊ မဟော့ရမ်းနှင့်၊ မသော့သွမ်းနှင့် "သက်စွန့်ကြိုးပမ်း၊ မှုတော်ထမ်း၊ ခွင့်လမ်းရသည်သာ"ဆိုသည့်အတိုင်း တာဝန်ကျေသူကို ထိုက်ထိုက်တန်တန် ခီးမြှောက်ခြင်းခံရပုံ စသည့် သင်ခန်းစာများရရှိပါသည်။

၃။ ကာယနိဗ္ဗိန္ဒဇာတ်အကျဉ်းချုပ်

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် အလားတူ ဖျော့တော့သည့်ရောဂါ စွဲကပ်၍ ရောဂါပျောက်လျှင် ရဟန်းပြုအံ့ဟု အဓိဋ္ဌာန်သော ယောကျ်ားကိုအကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဟောတော်မူသည်။

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းကြီးနန်းစံစဉ် ဘုရားလောင်းပုဏ္ဏားသည် ဖျော့တော့သည့်ရောဂါစွဲကပ်၍ ဆရာများနှင့်ကုသော်လည်း မပျောက်၊ ကြာလာသော် သားမယားတို့ကလည်း ငြိုငြင်လာကြသည်။ ဘုရားလောင်းပုဏ္ဏားသည် "ရောဂါပျောက်လျှင် ရဟန်းပြုအံ့"ဟု ဆုံးဖြတ်ထားပြီး ဆေးစွမ်းတစ်လက်ရ၍ မှီဝဲကာ ရောဂါပျောက်ကင်းလေ၏။ ရောဂါပျောက်လျှင် ရဟန်းပြု၍ ဈာန်ချမ်းသာဖြင့် နေ၏။ "ဤခန္ဓာကိုယ်ကား ရောဂါဝေဒနာတို့ဖြင့် နှိပ်စက်၍ ဆင်းရဲလှ၏။ ခန္ဓာကိုယ်အကောင်ပုပ်ဖြစ်၍ နှစ်သက်စရာမရှိ၊ ပုထုဇဉ်တို့သည် ဤအကောင်ပုပ်ကို နှစ်သက်ကြသဖြင့် သုဂတိလမ်းမှ ဆုတ်ယုတ်၏၊ မစင်မကြယ် အကောင်ပုပ်ကြီးကား စက်ဆုပ်ဖွယ်ရှိလေစွ"ဟု ဆင်ခြင်လျက် ဗြဟ္မဝိဟာရတရားကို ပွားလေပြီး စုတေသော် ဗြဟ္မာ့ပြည်သို့လား၏။

ဇာတ်ပေါင်း။ ရသေ့-ဗုဒ္ဓ။

http://www.dhammadownload.com

ကာယနိဗ္ဗန္ဓဇာတ်မှ ရရှိသောသင်ခန်းစာ

ဤကာယနိဗ္ဗိန္ဓဇာတ်ကို ဖတ်ရှုရသဖြင့် အကာထဲမှ အနှစ်ရှာဆိုသည့် အတိုင်း ခန္ဓာကိုယ်ကြီးသည် ရောဂါဝေဒနာနှိပ်စက်၍ ဆင်းရဲရပုံ၊ နှစ်သက်စရာ မရှိပုံ၊ စက်ဆုပ်ဖွယ်ကောင်းပုံ၊ ခန္ဓာကိုယ်ကြီးကား အပုပ်ကောင်ရုပ်ဆောင် နေပုံ၊ "အဓိဌာန်ဝင် ရှုဆင်ခြင် ကုလျှင်ရောဂါပျောက်"ဆိုသည့် အတိုင်း ပုဏ္ဏား၏ ဆုံးဖြတ်ချက်နှင့် လုပ်ဆောင်ချက်မှန်ပုံတို့ကို သင်ခန်းစာ အဖြစ် ရရှိပါသည်။

၄။ ဇမ္ဗုခါဒကဇာတ်အကျဉ်းချုပ်

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် အချင်းချင်း မဟုတ်မမှန် ခိုးကျူးပြောဆိုကြသည့် ဒေဝဒတ်နှင့် ကောကာလိကတို့ကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဟောတော်မူသည်။

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းကြီးနန်းစံစဉ် ဘုရားလောင်းသည် သပြေတောတစ်ခု၌ ရုက္ခစိုးနတ်ဖြစ်၏။ တစ်နေ့တွင် ကျီးတစ်ကောင်လာ၍ နားပြီး သပြေသီးမှည့်ကိုစား၏။ မြေခွေးတစ်ကောင်လာ၍ ကျီးကိုမြင်သော် သပြေသီးမှည့်ကိုစားလိုသဖြင့် ကျီးတို့အား မဟုတ်မမှန်မြောက်၍ ပြောဆို၏။ ကျီးကလည်း မြေခွေးကို ပြန်လည်မြောက်ပင့်ပြောလျက် သပြေခက်ကိုလှုပ်၍ သပြေသီးမှည့်များကျလာလျှင် မြေခွေးအားစား၏။ ဘုရားလောင်းရုက္ခစိုးနတ်က "အန်ဖတ်ကိုစားသည့်ကျီးနှင့် အပုပ်ကောင်ကိုစားသည့် မြေခွေးတို့၊ သင်တို့ဟာ အချင်းချင်း မဟုတ်မမှန် မြောက်ပင့်ပြောဆိုကြ၏"ဟု ဆိုပြီး ကြောက်စရာအဆင်းကိုပြသဖြင့် ကျီးနှင့်မြေခွေးတို့ ပြေးသွားကြလေတော့၏။

ဇာတ်ပေါင်း။ မြေခွေး-ဒေဝဒတ်။ ကျီး-ကောကာလိက။ ရုက္ခစိုးနတ်-ဗုဒ္ဓ။

ဇမ္ဗုခါဒကဇာတ်မှ ရရှိသောသင်ခန်းစာ

ဤဇမ္ဗုခါဒကဇာတ်ကို ဖတ်ရှုရသဖြင့် နှုတ်ခမ်းပဲ့ချင်းမီးမှုတ် ဆိုသည့်နှင့်အညီ မြောက်ပင့်ပြောဆိုတတ်သူကို မြောက်ပင့်ပြောတတ်သူက နှစ်သက်

http://www.dhammadownload.com

သဘောကျသကဲ့သို့ လူမိုက်သည် လူမိုက်ကိုသာ နှစ်သက်ခြီးမွမ်းတတ်၏။ "ဂုဏ်ရည်မဲ့ချင်း၊ မြောက်ပင့်ခြင်း၊ ကြားပြင်းလူတိုင်းကပ်"ဆိုသည့်အတိုင်း ဂုဏ်ရည်မဲ့ချင်း မြောက်ပင့်ပြောဆိုက လူတိုင်း နားကြားပြင်းကပ်ကြသည်ဟူသော သင်ခန်းစာများရရှိပါသည်။

၅။ အန္တိဇာတ်အကျဉ်းချုပ်

[ဤဇာတ် ပစ္စုပ္ပန်ဝတ္ထုသည် အထက် ဇမ္ဗုခါဒကဇာတ်နှင့် တူ၏။]

ဟရာဇာသီပြည် ပြဟ္မဒတ်မင်းထီးနန်းစံစဉ် ဘုရားလောင်းသည် ရွာတစ်ရွာအနီး ကြက်ဆူပင်စောင့်နတ် ဖြစ်၏။ တစ်နေ့တွင် လူတို့သည် သေသော နွားအိုကိုထုတ်၍ ကြက်ဆူတောခွဲစွန့်ကြ၏။ ထိုနွားအိုသားကို မြေခွေးလာပြီးစား၏။ ကျီးတစ်ကောင်လာ၍ ကြက်ဆူပင်၌နားလျက် အမဲသားကို စားလိုသဖြင့် "သင်၏ပခုံးသည် နွားလားဥသဘ၏ပခုံးနှင့် တူ၏။ သင်၏ကိုယ်သည် ခြင်္သေ့မင်း၏ကိုယ်ကဲ့သို့ တင့်တယ်ပေ၏။ သင့်ကို ရှိခိုးပါ၏"ဟု မြေခွေးအား မြောက်ပင့်ပြောဆို၏။ မြေခွေးကလည်း "ဥဒေါင်းမင်း၏ လည်ပင်းအဆင်းရှိသော ကျီးမင်း" စသည်ဖြင့် မြောက်ပင့်ပြောဆို၍ "အဆွေလာလော့"ဟု ကျီးကိုဖိတ်ခေါ်၏။ ထိုအခါ ကြက်ဆူပင်စောင့်နတ်က "သားမျိုးတွင် မြေခွေးသည်ယုတ်ညံ့၏။ ငှက်တို့တွင် ကျီးသည် ယုတ်ညံ့၏။ သစ်ပင်တို့တွင် ကြက်ဆူပင်သည် ယုတ်ညံ့၏။ အယုတ်သုံးဦးတို့ ပေါင်းဆုံမိကြလေ၏"ဟု ဆိုလေသည်။

ဇာတ်ပေါင်း။ မြေခွေး-ဒေဝဒတ်။ ကျီး-ကောကာလိက။ ရုက္ခစိုးနတ်-ဗုဒ္ဓ။

အန္တိဇာတ်မှ ရရှိသောသင်ခန်းစာ

ဤအန္တိဇာတ်ကို ဖတ်ရှုရသဖြင့် သူတော်ချင်းချင်း သတင်းလွှဲလွှဲ၊ ပေါင်းဖက်တွေ၊ ဂုဏ်မဲ့သူချင်း ဂုဏ်တင်တတ်သည် ဆိုသည့်အတိုင်း လူမိုက်သည် အချင်းချင်း မဟုတ်မမှန်လုပ်ကြံ၍ ခြီးကျူးမြဲဖြစ်သည်။ "မရှိဂုဏ်ပုဒ်၊

http://www.dhammadownload.com

ရှိယောင်ထုတ်၊ အဟုတ်လူတိုင်းမုန်း" မရှိသောဂုဏ်ပုဒ်ကို ရှိယောင်ထုတ်၍ ပြောလျှင် လူတိုင်းမုန်းတတ်သည် ဟူသော သင်ခန်းစာများရရှိပါသည်။

၆။ သမုဒ္ဒဇာတ်အကျဉ်းချုပ်

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် သာသနာ၌ အစားကြီးရမွှက်ကြီးသော ဥပနန္ဒမထေရ်ကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဟောတော်မူသည်။

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းကြီးနန်းစံစဉ် ဘုရားလောင်းသည် သမုဒ္ဒရာစောင့်နတ်ဖြစ်၏။ သမုဒ္ဒရာအနီး၌နေသည့် ကျီးတစ်ကောင်သည် အပေါ်မှပျံ၍ "သမုဒ္ဒရာရေကိုချွေတာပြီးသောက်ကြ"ဟု ငါး, ငှက်တို့ကို တားမြစ်၏။ ဘုရားလောင်းနတ်က "သမုဒ္ဒရာ၌ပျံ၍ ငါးတို့ကိုမြင်သူကား ဘယ်သူနည်း"ဟု မေးသော် ကျီးက "ငါသည် သမုဒ္ဒရာရေကိုသောက်သည့် ငှက်တည်း"ဟု ဆို၏။ ဘုရားလောင်း သမုဒ္ဒရာစောင့်နတ်က "တစ်လောကလုံး သောက်သော်လည်း ရေသည် မကုန်နိုင်"ဟုဆိုပြီး ခြောက်လှန့်၍ နှင်ထုတ်လိုက်လေသည်။

ဇာတ်ပေါင်း။ ကျီး=ဥပနန္ဒ။ သမုဒ္ဒရာစောင့်နတ်=ဗုဒ္ဓ။

သမုဒ္ဒဇာတ်မှ ရရှိသောသင်ခန်းစာ

ဤသမုဒ္ဒဇာတ်ကို ဖတ်ရှုရသဖြင့် တစ်လောကလုံးသောက်သော်မှ မကုန်နိုင်သည့် သမုဒ္ဒရာရေကို ချွေတာသုံးဖို့ပြောသည့် ကျီးကဲ့သို့ နှမြောသူ မဖြစ်သင့်၊ အစားအသောက်ကို အလွန်မမက်မောသင့်၊ "သူများတွေကို ဆုံးမလို၊ ကိုယ်တိုင် ဦးစွာကျင့်" ဆိုသည့်အတိုင်း ကိုယ်တိုင် ဦးစွာကျင့်ဖို့သာ ဖြစ်ပါသည် စသည့်သင်ခန်းစာများ ရရှိပါသည်။

http://www.dhammadownload.com

၇။ ကာမဝိလာပဇာတ်အကျဉ်းချုပ်

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် မယားဟောင်းဖျားယောင်း၍ သာသနာ၌ငြီးငွေ့သောရဟန်းတစ်ပါးကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဟောတော်မူသည်။

ဗာရာဏသီပြည် ပြဟ္မဒတ်မင်းနန်းစံစဉ် ဘုရားလောင်းသည် အာကာသစိုးနတ်ဖြစ်၏။ ဗာရာဏသီပြည်သူတို့သည် နက္ခတ်သဘင်ကစားရန် ပြင်ဆင်ကြသော် သူဆင်းရဲတစ်ဦး၏မယားသည် "ငါသည် ပွဲသဘင်၌ ဝတ်ပန်းဆိုးအဝတ်ကို ဝတ်ချင်၏။ မင်း၏ ဝတ်ပန်းခင်းသွားပြီး ဝတ်ပန်းကို ခိုးလော့"ဟုဆိုသဖြင့် သူဆင်းရဲသည် သွား၍ခိုးလေ၏။ သူဆင်းရဲကို အစောင့်များ ဝိုင်းဖမ်းကြပြီး မင်းအားပြ၏။ မင်းက "ခိုးသူကို တံကျင်ဖြင့်ထိုးလော့"ဟုဆိုသဖြင့် လက်ပြန်ချည်ပြီးနှင်ထုတ်၍ တံကျင်လျှို့ကြ၏။

မင်း၏ဝတ်ပန်းကိုခိုးသော သူဆင်းရဲသည် တံကျင်လျှို့ထားသည့် ဝေဒနာကို မတွက်ဘဲ "တံကျင်လျှို့သောဒဏ် မနာကျင်၊ ခေါင်းရင်း၌ထားသည့် လက်စွပ်နှင့်ပုဆိုးကိုယူ၍ ရောင့်ရဲပါ ဟူသော စကားကို မယားထံပို့ပေးပါ"ဟူ၍ ကောင်းကင်မှလာသော ကိုးအား မှာကြား၏။ သူဆင်းရဲသည် ကာမကိုမှီ၍ ငိုကြွေးစဉ် သေလေ၏။

ဇာတ်ပေါင်း။ ငြီးငွေ့သောရဟန်း=ဆင်းရဲသားယောကျ်ား။
မယားဟောင်း=မယား။ နတ်=ဗုဒ္ဓ။

ကာမဝိလာပဇာတ်မှ ရရှိသောသင်ခန်းစာ

ဤကာမဝိလာပဇာတ်ကို ဖတ်ရှုရသဖြင့် မိန်းမသည် အဝတ်အစားအသုံးအဆောင်နှင့်ပတ်သက်၍ တင်းတိမ်မှုမရှိကြ။ "အမေပြောတော့ တစ်လ၊ မယားပြောတော့ တစ်ည" ဆိုသည့်အတိုင်း ချိုချိုသာသာ တီတီတာတာတို့ဖြင့် စည်းရုံးလျှင် အောင်မြင်၏။ "မဘက်လိုက်တော့ မိုက်ဘက်ပါ၊ ကာမစွဲပူ သေလေမူ ထိုသူငရဲကျ" ဟူသည့်အတိုင်း မိန်းမအလိုအကြိုက်ဆောင်သဖြင့် အသက်ဆုံးရှုံးမှုတင်မကဘဲ ငရဲသို့ပင်ကျရောက်နိုင်၏ ဟူသော သင်ခန်းစာများရရှိပါသည်။

http://www.dhammadownload.com

၈။ ဥဒုမ္ဗရဇာတ်အကျဉ်းချုပ်

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် အာဂန္တုကရဟန်း တစ်ပါးက လှည့်စား၍ နှင်ထုတ်အပ်သော ကျောင်းနေရဟန်းတစ်ပါးကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဟောတော်မူသည်။

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက်တွင် ဘုရားလောင်းသည် တောင်၌ ရဟန္တာဖိုးနတ်ဖြစ်၏။ ထိုတောင်၌ အဆက်မပြတ်မိုးရွာသော် ကျောက်ဂူ၌ နေသော မျက်နှာနီမျောက်ငယ်တစ်ကောင်သည် ဂူတံခါးဝ၌နေ၏။ မိုးစိုး၍ ချမ်းနေသောမျောက်မည်းကြီးသည် လှည့်လည်စဉ် မျောက်ငယ်ကိုမြင်၍ ရှေ့၌ရပ်ပြီး ဗိုက်ကိုစူအောင်လုပ်ပြလျက် "မျောက်ငယ် ရေသဖန်းညောင်သီးများ မှည့်နေကြသည်။ အဘယ်ကြောင့် အငတ်ခံနေသနည်း။ ထွက်စားပါလော့"ဟု မျောက်ငယ်ကိုလှည့်စား၍ဆို၏။ မျောက်ငယ်သည် ထိုစကားကို ယုံ၍ အသီးစားလိုသဖြင့် ဂူမှထွက်၍ရှာသော် အသီးမရဘဲပြန်လာ၏။ မျောက်ငယ်သည် သူ့နေရာ၌နေသည့် မျောက်ကြီးကိုမြင်လျှင် ပြန်လည်ပြီး လှည့်စားပြောဆို၏။ မျောက်ကြီးက "မျောက်အိုမည်သည် လှည့်စားသည့် စကားကို မယုံ၊ သင် ဒီနေရာကိုမရတော့ပြီ၊ သွားလော့"ဟုဆို၏။ ထိုမျောက်ငယ်သည် ထွက်ခွာသွားလေတော့၏။

ဇာတ်ပေါင်း။ မျောက်ငယ်=ကျောင်းနေရဟန်း။ မျောက်ကြီး=အာဂန္တုရဟန်း။ ရဟန္တာဖိုး=ဗုဒ္ဓ။

ဥဒုမ္ဗရဇာတ်မှ ရရှိသောသင်ခန်းစာ

ဤဥဒုမ္ဗရဇာတ်ကို ဖတ်ရှုရသဖြင့် လူယုတ်မာသည် လူရိုး လူအ, ကိုသာ လှည့်စားနိုင်၏။ မျောက်ကြီးကို မျောက်ငယ်က လှည့်စား၍မရ။ သူများမျက်ခုံးမွေးပေါ် စကြ်ိန်မလျှောက်သင့်ပေ၊ "ရှေးဝါသနာ အထုံပါလိမ်ကာလှည့်စားပြီ" မိမိ ချမ်းသာရေးအတွက် သူတစ်ပါးအား ဆင်းရဲဒုက္ခပေးခြင်းကို ရှောင်ရှားသင့်ပါသည် ဟူသော သင်ခန်းစာများရရှိပါသည်။

http://www.dhammadownload.com

၉။ ကောမာရပုတ္တဇာတ်အကျဉ်းချုပ်

မြတ်စွာဘုရားသည် ပုဗ္ဗာရုံကျောင်း၌နေစဉ် ကစားလေ့ရှိသည့် ရဟန်းတို့ကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဟောတော်မူသည်။

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက်တွင် ဘုရားလောင်း ကောမာရပုတ္တရသေ့သည် ဟိမဝန္တာ၌နေ၏။ ရယ်မော၍ ကစားလေ့ရှိသော ရသေ့တို့သည် ဟိမဝန္တာ၌ ကျောင်းဆောက်၍နေကြ၏။ ထိုရသေ့တို့ထံ နေသည့် မျောက်သည်လည်း ကစားလေ့ရှိ၏။ ထိုရသေ့တို့ ချဉ်ဆားမှီဝဲရန် သွားကြသော် ဘုရားလောင်းရသေ့သည် ရသေ့တို့ကျောင်း၌ သွားရောက်နေထိုင်၏။ ဘုရားလောင်းကဆုံးမသဖြင့် မျောက်သည် အကျင့်ကောင်းလာ၏။ ထိုနောက် ဘုရားလောင်းရသေ့သည် အခြားနေရာသို့သွား၏။

ရသေ့တို့ပြန်လာသောအခါ ရှေးကလို ကစားခြင်းမရှိသော မျောက်ကို မြင်၍ မေးလေသော် ထိုမျောက်က "ငါသည် ကောမာရပုတ္တ မည်သော ဆရာရသေ့ကိုမှီပြီး စျာန်ကိုလုံ့လစိုက်၍နေ၏"ဟု ဆို၏။ ထိုရသေ့တို့က "ကျောက်ဖျာ၌ပို့ချသောသစ်စေ့သည် မပေါက်သကဲ့သို့ စင်ကြယ်သည့် စျာန်အဆင့်ကို ကြားရုံမျှသာရှိ၍ စျာန်ကိုမဖြစ်စေနိုင်"ဟု မျောက်ကိုကဲ့ရဲ့ကြလေသည်။

ဇာတ်ပေါင်း။ ကစားသည့်ရသေ့များ=ကစားသည့်ရဟန်းများ။ ရသေ့=ဗုဒ္ဓ။

ကောမာရပုတ္တဇာတ်မှ ရရှိသောသင်ခန်းစာ

ဤကောမာရပုတ္တဇာတ်ကို ဖတ်ရှုရသဖြင့် "တပည့်မကောင်း ဆရာ့ခေါင်း" ဆိုသည့်အတိုင်း ပညာနည်းသောမျောက်သည် ပညာနည်းသော ရသေ့များကို မှီခိုမိသဖြင့် လူမိုက်ဖြစ်ရ၏။ ဘုရားလောင်း ပညာရှိရသေ့ကို မှီခိုပေါင်းသင်းရသည့်အတွက် အနေအထိုင် ပြောင်းလဲသွားပြီး ဆရာကောင်း၏ တပည့်မှန်လျှင် အနေမှန်ရမည်၊ "သူတော်ကောင်းနှင့် ပေါင်းဖက်လင့် ကိုယ်ကျင့်ကောင်းမွန်လာ" စသည့် သင်ခန်းစာများရရှိပါသည်။

http://www.dhammadownload.com

၁၀။ ဝကဇာတ်အကျဉ်းချုပ်

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် အားနည်းသည့် စိတ်ဆန္ဒဖြင့် ဓုတင်ကိုဆောက်တည်ကြသော ရဟန်းများကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဟောတော်မူသည်။

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းအုပ်ချုပ်စဉ် ဂင်္ဂါကမ်းခြေရှိ ကျောက်ဖျာ၌နေသော သစ်ကျွတ်သည် အိပ်နေစဉ် ဆီးနှင်းရေများကျလာ၍ ပြည့်လျှံသွားစဉ် အပြင်ထွက်၍ အစာမရှာနိုင်သဖြင့် "ငါသည် ရေကူး၍သေရခြင်းထက် ဥပုသ်စောင့်ခြင်းက မြတ်၏"ဟု ကြံပြီး ဥပုသ်စောင့်နေလေတော့၏။ ထိုအကြောင်းကိုသိသော ဘုရားလောင်းသိကြားမင်းသည် ဆိတ်အသွင်ဖြင့်လာ၍ ရှေ့၌ရပ်၏။ သစ်ကျွတ်သည် "နောက်နေ့ကျမှ ဥပုသ်စောင့်အံ့"ဟု ထိုဆိတ်ကိုဖမ်းရန် ထ၍ပြေးလာ၏။ ဆိတ်သည် ဟိုပြေးသည်ပြေး တိမ်းရှောင်၏။ သစ်ကျွတ်သည် ဆိတ်ကိုဖမ်းမရသဖြင့် ပြန်လာပြီး "ငါ့ဥပုသ်သည် မပျက်သေး"ဟု တစ်ဖန်ပြန်အိပ်၏။ ထိုအခါ ဘုရားလောင်းသိကြားမင်းသည် သိကြားမင်းအသွင်ဖြင့် ကောင်းကင်၌ရပ်၍ "စိတ်ဆန္ဒအားနည်းသော သင့်အား ဥပုသ်စောင့်ခြင်းဖြင့် ဘာအကျိုးရှိမလဲ"ဟု သစ်ကျွတ်ကို ကဲ့ရဲ့၍ နတ်ပြည်သို့သွားလေ၏။

ဇာတ်ပေါင်း။ သိကြားမင်း-ဗုဒ္ဓ။

ဝကဇာတ်မှ ရရှိသောသင်ခန်းစာ

ဤဝကဇာတ်ကို ဖတ်ရှုရသဖြင့် "ပါးစပ်က ဘုရား ဘုရား" ဆိုသည့် အတိုင်း သူတော်ယောင်ဆောင်၍ အခြေအနေအရ ဥပုသ်စောင့်သော သစ်ကျွတ်ကဲ့သို့ မဖြစ်သင့်ပေ။ သူတော်ကောင်းဟန်ဆောင်သူသည် တစ်နေ့တွင် ဇာတိရုပ်ပေါ်လာစမြဲဖြစ်သည်။ "အခြေမခိုင်က လဲပြိုနိုင်သည်" ပညာနည်းသူတို့၏သီလသည် မတည်မြဲ စသော သင်ခန်းစာများရရှိပါသည်။

တိကနိပါတ် ပြီး၏။

http://www.dhammadownload.com

၄။ စတုက္ကနိပါတ်

၁။ ကာလိင်္ဂဝဂ်

၁။ စူဠကာလိင်္ဂဇာတ်အကျဉ်းချုပ်

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် ဝါဒရေးရာ စစ်ထိုးရာတွင် ရှင်သာရိပုတ္တရာအား ရှုံးသဖြင့် ရဟန်းပြုသည့် ပရိဗိုဇ်မ လေးဦးကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဟောတော်မူသည်။

ကာလိင်္ဂတိုင်း၊ ဒန္တပူရမြို့၌ "ကာလိင်္ဂမင်း"မင်းပြုသော် အဿကတိုင်း၊ ပါဠလိမြို့၌ အဿကမင်းသည် မင်းပြု၏။ ကာလိင်္ဂမင်းသည် သူ့သမီး လေးယောက်ကို အခြံအရံများခြံရံ၍ လှည့်လည်စေပြီး "ဤမင်းသမီးများကို ယူလိုသူသည် စစ်ထိုးရမည်"ဟု ဆိုစေ၏။ ထိုမင်းသမီးများကို မြို့တွင်း ဝင်ခွင့် မပေးဘဲ လက်ဆောင်ကိုသာပို့၏။ အဿကမင်းလည်း မြို့တံခါးပိတ်စေ၍ လက်ဆောင်ကိုသာပို့စေ၏။

အဿကမင်း၏ "နန္ဒိသေနအမတ်"သည် မြို့တံခါးဖွင့်ပြီး ထိုမင်းသမီး တို့ကိုယူ၍ ကာလိင်္ဂမင်းနှင့် စစ်ထိုးအံ့ဟုဆို၏။ ကာလိင်္ဂမင်းသည် စစ်သည် များနှင့်ထွက်လာ၏။ နန္ဒိသေနအမတ်က "နှစ်နိုင်ငံအကြား၌စစ်ထိုးမည်"ဟု ကာလိင်္ဂမင်းထံ စာပို့၏။

ဘုရားလောင်းရသေ့သည် နှစ်နိုင်ငံအကြား၌နေ၏။ ကာလိင်္ဂမင်း သည် ဘုရားလောင်းရသေ့ထံသွား၍ စစ်ထိုးမည့်အကြောင်းလျှောက်ပြီး "မည်သူနိုင်မည်နည်း"ဟု မေး၏။ ဘုရားလောင်းရသေ့က ထိုအကြောင်းကို သိကြားမင်းအားမေးပြီး "ကာလိင်္ဂမင်းနိုင်မည့်အကြောင်း" ကာလိင်္ဂမင်းအား ပြောပြ၏။ နန္ဒိသေနအမတ်သည် ဘုရားလောင်းထံသွား၍ "ပုဗ္ဗနိမိတ်များ အသို့ဖြစ်မည်နည်း"ဟု မေး၏။ ဘုရားလောင်းက "အောင်မည့်မင်း၏ အစောင့်နတ်သည် ဥသဘဖြူဖြစ်၏။ ရှုံးမည့်မင်း၏နတ်သည် ဥသဘနက် ဖြစ်၏။ ထိုနတ်နှစ်ဦးစစ်ထိုး၍ နိုင်ခြင်း ရှုံးခြင်း ယှဉ်ပြိုင်ကြမည်"ဟု ဆို၏။

http://www.dhammadownload.com

ထိုအခါ နန္ဒိသေနက အဿကမင်းအား ကာလင်္ဂမင်း၏ အစောင့်နတ်ကို လှံဖြင့်ထိုးခိုင်း၏။ အဿကမင်းသည် လှံဖြင့်ထိုးသော် နန္ဒိသေနနှင့်အတူ ရဲမက်တစ်ထောင်တို့သည်လည်း လှံဖြင့်ထိုးကြ၏။ ထိုကာလင်္ဂမင်း၏ အစောင့်နတ်သည် လှံဒဏ်ရာဖြင့် ကွယ်သွားသည့်ခဏတွင် ကာလင်္ဂမင်းသည် စစ်ရှုံး၍ ပြေးလေ၏။

ဇာတ်ပေါင်း။ ပရိပိုဇ်မလေးဦး=ကာလင်္ဂမင်း၏သမီးလေးဦး။
နန္ဒိသေနအမတ်=သာရိပုတ္တရာ။ ရသေ့=ဗုဒ္ဓ။

စူဠကာလင်္ဂဇာတ်မှ ရရှိသောသင်ခန်းစာ

ဤစူဠကာလင်္ဂဇာတ်ကို ဖတ်ရှုရသဖြင့် စည်းလုံးညီညာ အောင်ကြောင်းဖြာ ဆိုသည့်အတိုင်း အဿကတိုင်းသားတို့သည် စည်းလုံးညီညွတ်ခြင်း၊ လှံလဝီရိယထက်သန်ခြင်း၊ အာရုံတစ်ခုဌ်သာ စူးစိုက်မှုရှိခြင်း၊ ရန်သူကို အထင်သေး၍ ဇွဲလှံလနည်းလျှင် အောင်ပွဲမရနိုင်ပေ၊ "ဗေဒင်နတ်ယုံ၊ လှံလဆုံ၊ အကုန်မလျှော့ရ" ဟူသော သင်ခန်းစာများ ရရှိပါသည်။

၂။ မဟာဓမ္မသာဓရာဇာဇာတ်အကျဉ်းချုပ်

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် သူတစ်ပါးအား ကျေးဇူးတုံ့ပြန်တတ်သော အာနန္ဒာမထေရ်ကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဟောတော်မူသည်။

ဘုရားလောင်း ဗာရာဏသီမင်းသည် တစ်နေ့တွင် နယ်ခြားဒေသ၌ ဆူပူထကြွမှုငြိမ်းစေရန် သွားရောက်နှိမ်နင်းရာ အရေးနိမ့်၍ ပြေးလာခဲ့သော် ပစ္စန္တရာဇ်ရွာတစ်ရွာရောက်၍ မြင်းစီးဝင်သွား၏။ ရွာသားများကကြောက်၍ အိမ်ထဲဝင်ကြ၏။ ရွာသားတစ်ဦးကမူ မင်းကြီးကို သူ့အိမ်ခေါ်ပြီး ပြုစုစောင့်ရှောက်ထား၏။ သုံးလေးရက်ခန့်ကြာ၍ ထွက်ခါနီးသော် "မိတ်ဆွေ၊ ကျွန်ုပ်ကို မြင်းစီးကြီးဟုခေါ်ကြတယ်၊ မြို့လယ်မှာ ကျွန်ုပ်အိမ်ရှိတယ်၊ မြို့ကိုရောက်လျှင် တောင်ဘက်တံခါး၌ရပ်နေသော တံခါးစောင့်ကိုမေးပြီး ဝင်လာခဲ့"ဟု မှာကြားခဲ့သည်။ မင်းသည် ပစ္စန္တရာဇ်ရွာကို သုံးကြိမ်ဆက်၍ အခွန်တောင်းလိုက်သည်။

http://www.dhammadownload.com

ထိုအခါ ရွာသားများက "သင့်မိတ်ဆွေ မြင်းစီးကြီးထံ အကျိုး အကြောင်းပြောပြီး အခွန်မှလွတ်ငြိမ်းအောင်ပြောပါလား"ဟု ထိုယောကျ်ား ကို ပြောကြ၏။ ထိုယောကျ်ားသည် ရွာသားများပေးလိုက်သော လက်ဆောင် မျိုးစုံကိုယူ၍ မြို့ကိုထွက်လာခဲ့ပြီး မြင်းစီးကြီးကိုမေးရာ တံခါးမှူးသည် မင်းကြီး ထံ လိုက်ပို့ပေးသည်။ မင်းကြီးက ရွာသားကို မင်းဝတ်တန်ဆာများ ဝတ်ဆင်၍ နိုင်ငံကိုတစ်ဝက်ခွဲပေးလိုက်၏။

မင်းကြီး၏ သားတော်နှင့် အမတ်တို့က ရွာသားတစ်ဦးအား ထီးနန်း စည်းစိမ် ထက်ဝက်ခွဲပေးသည်ကို မကျေနပ်ကြသဖြင့် မင်းအား လျှောက်တင် ကြ၏။ မင်းကြီးက "ချစ်သား၊ လောကၠ မပေးသင့်သူအားပေး၍ ပေးသင့်သူ အား မပေးသူသည် ဘေးရန်နှင့်ကြုံသော် ကူညီမည့်သူကိုမရနိုင်"စသည်ဖြင့် နောက်ကြောင်းဖြစ်စဉ်အားလုံး ပြန်ပြောပြလေ၏။ မင်းကြီး၏သားနှင့် အမတ် တို့သည် နှစ်သက်သဘောကျသွားလေတော့၏။

ဇာတ်ပေါင်း။ ပစ္စန္တရာဇ်ရွာသား-ဒုတိယ။ ဘရာဏသီမင်း-ဘုဒ္ဓ။

မဟာအဿာရောဟဇာတ်မှ ရရှိသောသင်ခန်းစာ

ဤဇာတ်ကို ဖတ်ရှုရသဖြင့် ပညာရှိသည် ကျေးဇူးရှိသူကို အတိုင်းမသိ ကျေးဇူးဆပ်သော ဘရာဏသီမင်းသည် သူ၏သားတော်ကို "ချစ်သား လောကၠ မပေးသင့်သူအား ပေး၍ ပေးသင့်သူအား မပေးလျှင် ဘေးရန် ကြုံတွေ့တတ်၏၊ ဘေးရန်ကြုံသော် ကူညီမည့်သူ မရနိုင်" "တစ်လုပ်စားဖူး သူ့ကျေးဇူး၊ ကျေးဇူးသိတတ်၊ ကျေးဇူးဆပ်၊ မြင့်မြတ်သူ မှန်ပေ"ဟူသော စကားသည် မှတ်သားဖွယ်ရာ သင်ခန်းစာအဖြစ် ရရှိပါ သည်။

၃။ စကေရာဇဇာတ်အကျဉ်းချုပ်

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် အလားတူ နန်းတွင်း၌ ဖြစ်ပွား၍ နိုင်ငံမှနှင်ထုတ်ခံရသော ကောသလမင်း၏အမတ်တစ်ဦးကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဟောတော်မူသည်။

http://www.dhammadownload.com

ဘုရားလောင်း ဗာရာဏသီမင်းသည် နန်းတွင်း၌ ပြစ်မှားသည့်အမတ်ကို နိုင်ငံမှနှင်ထုတ်၏။ ထိုအမတ်သည် ကောသလမင်းထံ ခစား၏။ ထိုအမတ်က "ဗာရာဏသီမင်းသည် မင်းကြီး၏ပြည်ကို တိုက်ယူနိုင်၏"ဟု လျှောက်၏။ ကောသလမင်းသည် ဗာရာဏသီမင်းကိုဖမ်း၍ ဆိုင်းထဲထည့်ပြီး မြောက်တံခါး၌ ဦးခေါင်းဇောက်ထိုးဆွဲထားစေ၏။ ဗာရာဏသီမင်းသည် ရန်သူမင်းကို အာရုံပြု၍ မေတ္တာပွားသော် အနှောင်အဖွဲ့မှလွတ်မြောက်ပြီး ကောင်းကင်၌ ထက်ဝယ်ဖွဲ့ခွေနေလေ၏။

ထိုအခါ ရန်သူမင်းသည် ကိုယ်ပူ၍ မြေ၌လှိမ့်နေရ၏။ ထိုအကြောင်းကို မေးသော် အမတ်တို့က "တရားစောင့်သည့်မင်းကို ပြစ်မှားသောကြောင့်" ဟု ဆိုကြ၏။ ရန်သူမင်းသည် အလျင်အမြန် ဘုရားလောင်း ဗာရာဏသီမင်းကို တောင်းပန်ပြီး "ဧကရာဇ်မင်းမြတ် သင့်နိုင်ငံကို သင်သာလျှင် မင်းပြုပါလော့"ဟု ဆို၍ မိမိမြို့သို့ပြန်သွား၏။ ဘုရားလောင်း ဗာရာဏသီမင်းသည် အမတ်တို့အား တိုင်းပြည်ကိုအပ်၍ ရသေ့ရဟန်းပြုလေတော့၏။

ဇာတ်ပေါင်း။ ကောသလမင်း=အာနန္ဒာ။ ဗာရာဏသီမင်း=ဗုဒ္ဓ။

ဧကရာဇဇာတ်မှ ရရှိသောသင်ခန်းစာ

ဤဇာတ်ကို ဖတ်ရှုရသဖြင့် သူတော်ကောင်းကို ပြစ်မှားသောသူသည် တစ်နေ့နေ့တစ်ခါခါခိုန်တွင် ဘေးဒဏ်ခံရစမြဲဖြစ်သည်။ "သူများ မကောင်းကြံ ကိုယ့်ဘေးဒဏ်ထိ၊ မေတ္တာတရား အားထုတ်ပွား၊ ဈာန်အားရစေနိုင်" ဆိုသည့်အတိုင်း ကောသလမင်းသည် ဗာရာဏသီမင်းကို ကာယကံမှုပြုလုပ်ခဲ့သည့်အတွက် ခန္ဓာကိုယ်ပူပြင်းပြီး မြေ၌ လူးလှိမ့်ခံစားရပုံတို့သည် ကိုယ်ကောင်းလျှင် ခေါင်းဘယ်မရွေ့ ဟူသော သင်ခန်းစာများ ရရှိပါသည်။

၄။ ဒဒ္ဒရဇာတ်အကျဉ်းချုပ်

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် အမျက်ထွက်တတ်သည့် ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဟောတော်မူသည်။

http://www.dhammadownload.com

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက်တွင် ဒဒ္ဒရနဂါးပြည်၌ ဒဒ္ဒရ နဂါးမင်း၏သားဖြစ်၍ "မဟာဒဒ္ဒရ"မည်၏။ သူ၏ညီကား "စူဠဒဒ္ဒရ"မည်၏။ နဂါးမင်းသည် ကြမ်းကြုတ်သော၊ အမျက်ထွက်တတ်၊ ဆဲရေးတတ်သော "စူဠဒဒ္ဒရ"ကို နှစ်ကြိမ်တိုင် နဂါးပြည်မှနှင်ထုတ်သော် မဟာဒဒ္ဒရက အဖကို သည်းခံရန်တားမြစ်၏။ တတိယအကြိမ်တွင် နဂါးမင်းသည် ညီအစ်ကိုနှစ်ဦး လုံးအား "သင်တို့နှစ်ယောက်လုံး နဂါးပြည်မှထွက်ပြီး ဗာရာဏသီမင်း၏ မစင် စွန့်ရာမြေတွင် သုံးနှစ်သွားနေကြ"ဟု နှင်ထုတ်၏။ သုံးနှစ်ပြည့်၍ ပြန်ခေါ် သဖြင့် ပြန်လာကြ၏။ ထိုအခါမှစ၍ စူဠဒဒ္ဒရသည် မာန်ခက်ထန်ခြင်းကင်းပြီး နူးညံ့သွားလေ၏။

ဇာတ်ပေါင်း။ စူဠဒဒ္ဒရ=အမျက်ထွက်သောရဟန်း။ မဟာဒဒ္ဒရ=ဘုဒ္ဓ။

ဒဒ္ဒရဇာတ်မှ ရရှိသောသင်ခန်းစာ

ဤဇာတ်ကို ဖတ်ရှုရသဖြင့် "မသိသူထံ၊ သည်းညည်းခံ၊ ဧကန် ချမ်းသာမည်" ဆိုသည့်အတိုင်း အရာရာ၌ မာန်ခက်ထန်ခြင်း မပြုသင့်ပေ။ မာန်ခက်ထန်သူသည် တစ်နေ့နေ့တွင် ဆိုးကျိုးကိုခံရမည်သာဖြစ်သည်။ အရာဌာနမဟုတ်သည်ကို အစွမ်းမပြသင့်ပေ ဟူသော သင်ခန်းစာများ ရရှိပါ သည်။

၅။ သီလဝိမံသနဇာတ်အကျဉ်းချုပ်

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် ညအခါ ကာမဝိတက် တို့ကို ကြံစည်ကြသည့် ရဟန်းငါးပါးကို အကြောင်းပြု၍ ဤအတိတ် ဇာတ်ကြောင်းကို ဟောတော်မူသည်။

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက်တွင် ဘုရားလောင်း ပုဏ္ဏား လုလင်သည် ဒိသာပါမောက္ခဆရာထံတွင် လုလင်ငါးရာတို့၏ အကြီးအကဲ ဖြစ်ပြီး အတတ်ကိုသင်၏။ တစ်နေ့တွင် ဆရာသည် "လုလင်တို့၏သီလကို စုံစမ်းပြီး ငါ့သမီးကို သီလရှိသူအား ပေးအံ့"ဟု ကြံ၍ လုလင်တို့အား "ငါ့

http://www.dhammadownload.com

သမီးကို ထိမ်းမြားပေးလို၏။ သင်တို့၏ဆွေမျိုးများမမြင်စေဘဲ အဝတ်တန်ဆာတို့ကို ခိုးယူခဲ့ကြလော့"ဟု ဆို၏။

လုလင်တို့က ဆွေမျိုးများမမြင်အောင် ခိုးယူခဲ့ကြ၏။ ဘုရားလောင်းလုလင်သည် ဘာမျှမယူခဲ့ပေ။ ဆရာကမေးသော် "ခိုးခြင်းသည် မကောင်းမှုဖြစ်၏။ မကောင်းမှုသည် ဆိတ်ကွယ်ရာမရှိ"ဟု ဆို၏။ ဆရာသည် သဘောကျ၍ သမီးကိုပေးပြီး ကျန်လုလင်တို့အား ယူလာသည့် ပစ္စည်းများ အိမ်သို့ပြန်ပို့ခိုင်းလေ၏။

ဇာတ်ပေါင်း။ ဆရာ-ရှင်သာရိပုတ္တရာ။ လုလင်-ဗုဒ္ဓ။

သီလဝိမံသနဇာတ်မှ ရရှိသောသင်ခန်းစာ

ဤဇာတ်ကို ဖတ်ရှုရသဖြင့် အကျင့်သီလနှင့်ပြည့်စုံသောကြောင့် လူတို့၏ အလေးအမြတ်ပြုခြင်းကို ခံယူရခြင်းဖြစ်သည်။ "မကောင်းဟူဘိ၊ ပြုလိုကြည့်၊ မရှိဆိတ်ကွယ်ရာ" ဟူသည်နှင့်အညီ မကောင်းမှုကို ကြံစည်ပြုလုပ်ခြင်း၌ ဆိတ်ကွယ်ရာမရှိပေ။ ကိုယ်ကျင့်သီလနှင့်ပြည့်စုံရန်သာ အရေးကြီးသည်ဟူသော သင်ခန်းစာများ ရရှိပါသည်။

၆။ သုဇာတာဇာတ်အကျဉ်းချုပ်

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် စည်းစိမ်မာန်တက်သဖြင့် ကောသလမင်းကြီး၏ အမျက်ထွက်တတ်သော မလွှဲကာမိဖုရားကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဟောတော်မူသည်။

ဘုရားလောင်းသည် ဗာရာဏသီပြည် ဌပဗွဒတ်မင်း၏ အမတ်ဖြစ်သည်။ မင်းသည် လေသာပြတင်းမှကြည့်စဉ် ဇီးသီးသည်မ သုဇာတာက "ဇီးသီးဝယ်ကြပါ"ဟု ဇီးသီးသည်မကို တပ်မက်နှစ်သက်ပြီး မိဖုရားကြီးအရာထား၏။ မင်းသည် ရွှေခွက်၌ထည့်ပြီး ဇီးသီးစားနေစဉ် သုဇာတာက "ဘာအသီးစားသနည်း"ဟု မေးသော် မင်းက "ဇီးသီးကိုတောင် မသိလရော့သလား"ဟု အမျက်ထွက်ပြီး "ဤမိန်းမယုတ်ကို သူ၏နေရင်းအိမ်ပြန်ပို့လော့"

http://www.dhammadownload.com

ဟု ဆို၏။ ဘုရားလောင်းသည် မိဖုရား သုဇာတာကို သနားသဖြင့် မင်းကြီးကို သည်းခံဖို့ အမျက်မထွက်ဖို့ လျှောက်၏။ မင်းကြီးသည် သည်းခံ၍ မင်းနှင့် မိဖုရား ညီညွတ်စွာ နေသွားကြ၏။

ဇာတ်ပေါင်း။ ဗာရာဏသီမင်း-ကောသလမင်း။ သုဇာတာ-မလ္လိကာ။ ပညာရှိအမတ်-ဗုဒ္ဓ။

သုဇာတာဇာတ်မှ ရရှိသောသင်ခန်းစာ

ဤဇာတ်ကို ဖတ်ရှုရသဖြင့် "ဘဝကိုမေ့၊ မောက်မာလေ့၊ ဘေးတွေ့တတ်ပေ" ဆိုသည့်အတိုင်း ဇီးသီးသည်မ သုဇာတာကဲ့သို့ ဘဝကို မမေ့တတ်ဖို့ ဘဝမေ့တတ်လျှင် သည်းခံနိုင်သော သူတော်ကောင်းနှင့် တွေ့မှသာ ပျက်စီးခြင်းသို့ မရောက်မည်ဖြစ်ပြီး သည်းမခံသော သူယုတ်မာနှင့် တွေ့က ဘဝပင် ပျက်စီးသွားနိုင်သည်။ နိမ့်ကျသူသည် ကြီးပွားလာလျှင် စည်းစိမ်မာန်တက်တတ်ကြသည် ဟူသော သင်ခန်းစာများ ရရှိပါသည်။

၇။ ပလာသဇာတ်အကျဉ်းချုပ်

မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်စံရာ ညောင်စောင်း၌ လျောင်းလျက် "ဘုရားအား နှစ်ဆယ့်ငါးနှစ်ပတ်လုံး လုပ်ကျွေးပြီး အကျိုးတစ်စုံတစ်ခုမရသဖြင့် ပူဆွေးသောကရောက်၍ ငိုနေသော အာနန္ဒာကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဟောတော်မူသည်။

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက်တွင် ဘုရားလောင်းသည် မြို့၏အနီး၌ ပေါက်ပင်စောင့် ရုက္ခစိုးနတ်ဖြစ်၏။ ဗာရာဏသီပြည်သားတို့သည် နတ်ကိုးကွယ်လေ့ရှိကြ၏။ ဆင်းရဲသား ပုဏ္ဏားတစ်ဦးသည် ပေါက်ပင်ရင်း၌ ရှင်း၍ ပန်းတိုဖြင့် ပူဇော်ပြီး "အသင်နတ် ချမ်းသာစွာ အိပ်ရပါ၏လော" ဟု ဆို၍ လက်ယာရစ်လှည့်လည်သွား၏။

http://www.dhammadownload.com

တစ်နေ့တွင် ဘုရားလောင်းက ပုဏ္ဏားအသွင်ဖြင့်လာပြီး ထိုပုဏ္ဏားအား "ဘာကြောင့် အမြဲလာပြီး လုပ်ကျွေးပါသနည်း"ဟု ဆိုသော် "ဥစ္စာလိုချင်လို့ ပူဇော်ပါ၏" ဘုရားလောင်းက "ငါဟာ ဤအပင်၏ ရုက္ခစိုးနတ်တည်း" ဟု နတ်အသွင်ဖြင့် ကောင်းကင်မှာရပ်၍ "ဤအပင်ရင်း၌ မြုပ်ထားသည့် ရွှေအိုးကို ငါ၏တန်ခိုးဖြင့်ယူ၍ သင့်အိမ်မှာ ဤမည်သောနေရာ၌ မြုပ်ထားအံ့၊ ထိုဥစ္စာကို သုံးဆောင်ပြီး ကောင်းမှုမျာကို ပြုလော့" ဟုဆိုပြီး ဥစ္စာကို ပုဏ္ဏားအိမ်၌ တည်စေ၏။

ဇာတ်ပေါင်း။ ပုဏ္ဏား-အာနန္ဒာ။ ရုက္ခစိုးနတ်-ဗုဒ္ဓ။

ပလာသဇာတ်မှ ရရှိသောသင်ခန်းစာ

ဤဇာတ်ကို ဖတ်ရှုရသဖြင့် ပညာရှိကို ဆည်းကပ်လုပ်ကျွေးလျှင် ကြီးပွားမည်ဖြစ်သည်။ "သမ္မာနတ်အား ကိုးကွယ်ထား စီးပွားဖြစ်နိုင်သည်" ဆိုသည်နှင့်အညီ သူကျေးဇူးကို သိနေခြင်းသည် ဥစ္စာရခြင်း၏ လမ်းစဖြစ်သည်၊ စေတနာသည် ရောင်ပြန်ဟပ်စမြဲဟူသော သင်ခန်းစာများ ရရှိပါသည်။

၈။ သကုဏဇာတ်အကျဉ်းချုပ်

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် ဒေဝဒတ်၏ ကျေးဇူးမသိတတ်ခြင်းကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဟောတော်မူသည်။

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းကြီးလက်ထက်တွင် ဟိမဝန္တာနေ ဘုရားလောင်း သစ်တောက်ဌက်သည် အစာရှာစဉ် အရိုးငြို၍ လည်ပင်းရောင်သဖြင့် မစားနိုင်သည့် ခြင်္သေ့ကိုတွေ့၏။ ခြင်္သေ့က တောင်းပန်သဖြင့် ခြင်္သေ့ခံတွင်းကို တုတ်တံဖြင့် ထောက်၍ အရိုးကို ထုတ်ပေးပြီး သစ်ကိုင်းပေါ်၌နား၏။ ခြင်္သေ့သည် တစ်နေ့တွင် ကျွဲတစ်ကောင်ကိုသတ်စားနေစဉ် ထိုဌက်လာ၍ ခြင်္သေ့ကို စုံစမ်းရန် နားလျက် "ငါသည် သင့်ကိစ္စကို လုပ်ခဲ့၏။ ငါ့အား

http://www.dhammadownload.com

အသား အနည်းငယ်ပေးမည်လော”ဟု ဆို၏။ ခြင်္သေ့က သင်ဟာ ငါ့သွား ကြားထဲသို့ ရောက်ခဲ့ပြီးသော သင့်အား အသက်ရှည်နေရခြင်းသည် သင့် ကျေးဇူးကို ပေးဆပ်ခဲ့ပြီ မဟုတ်လောဟု ဆိုသဖြင့် ဌက်က “ကျေးဇူးမသိသူကို မှီဝဲခြင်းသည် အကျိုးမရှိ”ဟု ဆိုကာ ဖဲသွားလေ၏။

ဇာတ်ပေါင်း။ ခြင်္သေ့-ဒေဝတ်။ သစ်တောက်ဌက်-ပုဒ္ဓ။

သကုဏဇာတ်မှ ရရှိသောသင်ခန်းစာ

ဤဇာတ်ကို ဖတ်ရှုရသဖြင့် ခြင်္သေ့မိုက်ကဲ့သို့ ပြုဖူးသော ကျေးဇူးကို ကန်းသူသည် မပေါင်းသင်းထိုက်။ ကျေးဇူးကန်းသူထံမှ ဘာကိုမျှ မမျှော်လင့် သင့်ပေ။ “တစ်လုပ်စားဖူး သူ့ကျေးဇူး”ဆိုသည့်အတိုင်း ထမင်းတစ်လုပ်ပင် စားဖူးစေကာမူ ထမင်းတစ်လုပ်ကျွေးဖူးသူသည် ကျေးဇူးရှင်ဖြစ်သည်။ ကျေးဇူးရှိမှ ကျေးစွပ်တတ်သည်ဟူသော သင်ခန်းစာများ ရရှိပါသည်။

၉။ ဆဝဇာတ်အကျဉ်းချုပ်

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် နေရာအမြင့်၌ နေသူ အား နေရာနိမ့်၌နေ၍ တရားဟောသည့် ဆဋ္ဌဂိုရဟန်းတို့ကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဟောတော်မူသည်။

ဘုရားလောင်း စက္ကာလသည် သရက်သီးတုံးခြိန်တွင် သရက်သီး စားချင်သည့် မယားအတွက် မပြတ်သီးသည့် မင်း၏ဥယျာဉ်သို့ ညအခါ သွား၍ သရက်သီးရှာစဉ် မိုးလင်းသွားသဖြင့် အဖမ်းခံရမည်စိုးသဖြင့် အပင် ပေါ်ပုန်းနေ၏။ မင်းသည် ဥယျာဉ်ထဲဝင်၍ သရက်ပင်ရင်း မြင့်သော နေရာ တွင် နေပြီး ဆရာပုရောဟိတ်ကို နိမ့်သောနေရာ၌နေစေ၍ ဗေဒင်ကို သင်၏။ ဘုရားလောင်းသည် တွဲကျနေသည့် အခက်ကိုကိုင်ပြီး မင်းနှင့် ပုရောဟိတ် တို့၏ အလယ်၌ ရပ်လျက် မင်းအား “ကျွန်ုပ်သည် ပျက်၏။ သင်သည်

http://www.dhammadownload.com

တွေ့ဝေ၏။ ပုရောဟိတ်သည် ရမ္မက်ကြီး၏။" မင်းကြီးက အကြောင်းစုံ မေးသော် "အမြင့်မှနေသည့် သင်မင်းကြီး၊ အနိမ့်မှနေသော ဤပုဏ္ဏား၊ မိန်းမ အလိုသို့လိုက်သည့် ကျွန်ုပ် အားလုံးပင် တရားမစောင့်ကြ"ဟု ဆို၏။ ထိုစကားကို ကြည်ညိုနှစ်သက်၍ မင်းသည် မိမိလည်မှာဆင်သည့် ပန်းဆိုင်းကို ဘုရားလောင်း၏လည်မှာဆင်စေပြီး မြို့စောင့်ခန့်၏။ မင်းသည် ဆရာအား ရိုသေခြင်းကိုပြု၍ အနိမ့်မှာနေပြီး ဗေဒင်သင်ယူ၏။

ဇာတ်ပေါင်း။ မင်း-အာနန္ဒာ။ စဏ္ဏာလ-ပုဒ္ဓ။

ဆဝဇာတ်မှ ရရှိသောသင်ခန်းစာ

ဤဇာတ်ကို ဖတ်ရှုရသဖြင့် မြတ်သောသူကို မြင့်သောနေရာ၌သာ ထားမှသာ ရိုသေရာရောက်၏။ ဆရာသည် မိမိ၏ ဆရာဂုဏ်သိက္ခာကို တန်ဖိုးထားရာ၏။ ဒုးနေရာဒူး ဆိုသကဲ့သို့ တပည့်သည်လည်း ဆရာနှင့် အတတ်ပညာ၏ ဂုဏ်ကို ကောင်းစွာ ရိုသေသင့်သည်ဟူသော သင်ခန်းစာများ ရရှိပါသည်။

၁၀။ ဓသယျဇာတ်အကျဉ်းချုပ်

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် သာသနာ၌ ငြီးငွေ့သော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကို ဟောတော်မူသည်။

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းသည် သူ၏သားနှင့် တစ်နေ့တည်း ဖွားသော ပုရောဟိတ်၏သား ဘုရားလောင်းကိုယူ၍ သားနှင့်အတူ မွေးမြူ၏။ ထိုသူနှစ်ဦး အရွယ်ရောက်သော် တက္ကသိုလ်ပြည်၌ အတတ်သင်ပြီး ပြန်လာကြ၏။ မင်းကြီးကွယ်လွန်သော် မင်းသားသည် မင်းဖြစ်၍ စည်းစိမ်ကိုခံစား၏။ ဘုရားလောင်းက "ငါ့အား သတိရလျှင် ပုရောဟိတ်အရာကို ပေးမည်။

http://www.dhammadownload.com

ငါသည် ငြိမ်းအေးမှုကို ရရန် ဟိမဝန္တာသို့ဝင်ပြီး ရသေ့ရဟန်းပြုမည်ဆိုကာ ရဟန်းပြု၏။ မင်းသည် ရဟန်းပြုကြောင်းကြားသိလျှင် သေယျအမတ်အား ခေါ်ခိုင်း၏။ ဘုရားလောင်းက ထိုအမတ်အား "လောကီစည်းစိမ်မှန်သမျှ ငါစွန့်ပြီ၊ သူတစ်ပါးကို မည်ဉီးဆဲဘဲ တရားသဖြင့် အသက်မွေးသောကြောင့် မင်းအဖြစ်ထက် လွန်စွာမြတ်၏"ဟု ဆို၍ ပယ်လေ၏။ အမတ်သည် မင်းအား အကြောင်းစုံပြောပြလေ၏။ ဘုရားလောင်းသည် စုတေသော် ဗြဟ္မာပြည်သို့ လားလေ၏။

ဇာတ်ပေါင်း။ မင်း=ရှင်အာနန္ဒာ။ သေယျအမတ်=ရှင်သာရိပုတ္တရာ။

သေယျဇာတ်မှ ရရှိသောသင်ခန်းစာ

ဤဇာတ်ကို ဖတ်ရှုရသဖြင့် ပညာရှိသည် လောကီစည်းစိမ်ထက် စိတ်အေးချမ်းသာမှုကို မြတ်နိုး၏။ "ရသေ့ ရဟန်း ကျောင်းသခ်မ်း ငြိမ်းချမ်း ရပေသည်"ဟူသော စကားနှင့်အညီ ဘုရားလောင်းသည် စကြဝတေးမင်း၏ စည်းစိမ်ကိုပင် ရသော်လည်း မနှစ်သက်။ လူဘဝကိုစွန့်ပြီး ရဟန်းဘဝကို ရပြီးကာမှ လူဘဝကိုပြန်မဆင်းတော့ဘဲ စိတ်၏ငြိမ်းအေးမှုကို ရယူသော ဘုရားလောင်းကဲ့သို့ပင် ထွေးပြီးသော ကိလေသာတံတွေးကို တစ်ဖန် ပြန်လည်၍ မယူပုံတို့ကို သင်ခန်းစာများအဖြစ် ရရှိပါသည်။

၂။ ပုစိမန္ဒဝဂ်

၁။ ပုစိမန္ဒဇာတ်အကျဉ်းချုပ်

မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်း၌နေစဉ် မိမိ၏ပရိဝုဏ်အရံ အတွင်း၌ လာ၍ခိုအောင်းသော ခိုးသူကို နှင်ထုတ်သည့် ရှင်မောဂ္ဂလာန်ကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကို ဟောတော်မူသည်။

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းအုပ်စိုးစဉ် ဘုရားလောင်းသည် သုသာန်တော၌ တမာပင်စောင့်နတ်ဖြစ်၏။ တမာခက်တို့ကိုဖြတ်ပြီး တံကျင်

http://www.dhammadownload.com

ပြု၍ ဖမ်းမိသည့်သူခိုးများကို လျှို့ကြ၏။ တစ်နေ့တွင် ခိုးသူတစ်ဦးသည် ပစ္စည်းများခိုးပြီး တမာပင်ရင်း၌ အထုပ်ကို ထား၍အိပ်၏။ ဘုရားလောင်းက သူ့တမာပင် ပျက်စီးမည်စိုးသဖြင့် သူခိုးအား "သင့်ကို မဖမ်းမီ ပြေးလော့"ဟု ဆိုကာ ခြောက်လှန့်၍ ပြေးစေ၏။

အနီးနားရှိ ညောင်ပင်စောင့်နတ်က လာမေးသော် "ငါ့တမာပင် အခက်ကို တံကျင်ပြု၍ လျှို့ခြင်းကို ငါရွံ၏"ဟု ဆို၏။ ထိုခဏ၌ပင် ဥစ္စာရှင်တို့ သူခိုးကို လိုက်ရှာစဉ် တမာပင်ရင်း၌ သူခိုးအိပ်ရာကိုမြင်၍ သူခိုး ရှာမတွေ့သဖြင့် ပြန်သွားကြ၏။ ထိုအခါ ညောင်ပင်စောင့်နတ်က ပညာရှိသည် ရွံရှာအပ်သည်တို့ကို ရွံရှာ၏။ လာမည်ဘေးကို စောင့်ရှောက်တတ်၏ဟု ဆိုလေ၏။

ဇာတ်ပေါင်း။ ညောင်ပင်စောင့်နတ်-ရှင်အာနန္ဒာ။ တမာပင်စောင့်နတ်-ဗုဒ္ဓ။

ပုစိမန္ဒဇာတ်မှ ရရှိသောသင်ခန်းစာ

ဤဇာတ်ကို ဖတ်ရှုရသဖြင့် လာမည့်ဘေး ဝေးဝေးရှောင်ဆိုသည့် အတိုင်း ဘုရားလောင်း ပညာရှိ တမာပင်စောင့်နတ်သည် ဖြစ်ပေါ်လာမည့် ဘေးကို ကြိုတင်၍ ကာကွယ်စောင့်ရှောက်သဖြင့် ခိုးသူသည် မင်းပြစ်မင်းဒဏ်မှ လွတ်သွားရပုံကို သင်ခန်းစာအဖြစ် ရရှိပါသည်။

၂။ ကဿပမန္ဒိယဇာတ်အကျဉ်းချုပ်

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် အလားတူ သားငယ်သာမဏေ၏ မကောင်းသော အပြုအမူကို သည်းမခံနိုင်သည့် အဖရဟန်းအို ကြီးကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကို ဟောတော်မူသည်။

ဗာရာဏသီပြည် မြဟွဒတ်မင်းလက်ထက်တွင် ဘုရားလောင်းပုဏ္ဏားသည် မိခင်သေသော် အဖနှင့် ညီငယ်ကိုခေါ်ပြီး ဟိမဝန္တာ၌ ရဟန်းပြု၏။ သူတို့သုံးဦးသည် မိုးကာလမှာ လူနေရပ်ကွက်၌နေပြီး ပြန်လာကျသော် "အဖနှင့် ညီအား ငါသည် ရှေ့ကသွားပြီး ကျောင်းကိုရှင်းအံ့။ သင်တို့ နောက်မှ

http://www.dhammadownload.com

လိုက်ခဲ့ကြ"ဟုဆိုကာ ရှေ့ကသွားနှင့်၏။ သားရသေ့သည် ဖခင်ရသေ့ကြီးကို မထီမဲ့မြင်လုပ်၍သွား၏။ ဖခင်ရသေ့ကြီးသည် အမျက်ထွက်တတ်သူဖြစ်၍ သားအဖရသေ့တို့ ရန်ဖြစ်ပြီးလာစဉ် အမှောင်ကျချိန်ရောက်လေ၏။ ဘုရားလောင်းသည် မီးရှူးကိုကိုင်၍ ခရီးကြိုပြီး သူတို့နှစ်ဦးကိုမြင်လျှင် "အဘယ်ကြောင့် ကြာနေသနည်း"ဟု မေး၏။ ရသေ့ငယ်က အဖရသေ့ပြုံပုံကို ပြောပြ၏။ ဘုရားလောင်းသည် ဖခင်ရသေ့အား "ဖခင် သူငယ်တို့မည်သည် မြေအိုးနှင့်တူ၍ တစ်ခဏချင်းဖြင့်ပင် ကွဲတတ်၏။ ကွဲသော် ပြန်ဆက်ရ မရပေ။ ပညာနုနယ်သေးသော ထိုသူငယ်ကို ဆဲရေးသော်လည်း ကြိမ်းသူတို့က သည်းခံအပ်၏"ဟု ဆို၍ အဖကို ဆုံးမ၏။ ဖခင်သည် ယဉ်ကျေးသိမ်မွေ့လာ၏။

ဇာတ်ပေါင်း။ ဖခင်ရသေ့-မထေရ်အို။ ရသေ့ငယ်-သာမဏေ။ ဖခင်ကို ဆုံးမသောရသေ့-ဗုဒ္ဓ။

ကဿပမန္ဒိယဇာတ်မှ ရရှိသောသင်ခန်းစာ

ဤဇာတ်ကို ဖတ်ရှုရသဖြင့် သူငယ်တို့သည် မြေအိုးနှင့်တူပုံ၊ မြေအိုးကွဲသွားလျှင် ပြန်လည်၍ ဆက်မရပုံ၊ ငယ်ရွယ်နုနယ်သော သူငယ်များကို ဆဲဆိုနေသော်လည်း အကျိုးမရှိပေ။ လူကြီးသည် မသိမလိမ္မာသေးသော သူငယ်ကို သည်းခံ၍ ပြုပြင်ပေးရမည်ဟူသော သင်ခန်းစာများ ရရှိပါသည်။

၃။ ခန္ဓဝါဒီဇာတ်အကျဉ်းချုပ်

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် အမျက်ထွက်တတ်သည့် ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကို ဟောတော်မူသည်။

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းကြီး အုပ်ချုပ်စဉ် ဟိမဝန္တာ၌နေသည့် ဘုရားလောင်းရသေ့သည် ချဉ်ဆားမှီဝဲရန် ဗာရာဏသီပြည်သို့သွား၍ မင်း၏ဥယျာဉ်၌နေစဉ် စစ်သူကြီးက ဆွမ်းလုပ်ကျွေး၍ နေစေ၏။ တစ်နေ့တွင် ကလာဗုမင်းသည် အရက်မူးပြီး ကခြေသည် စစ်သည်များ ခြံရံ၍ ဥယျာဉ်သို့

http://www.dhammadownload.com

သွားပြီး ကျောက်ဖျာ၌ ချစ်နှစ်သက်သူ မိန်းမ၏ ရင်ခွင်၌ အိပ်၏။ မင်းအိပ်ပျော်သော် သီဆိုသည့် မိန်းမတို့သည် ဥယျာဉ်၌ လှည့်လည်ကြ၏။ ထိုမိန်းမတို့သည် အင်ကြင်းပင်ရင်း၌ ဘုရားလောင်းကို မြင်ပြီး သွားရောက် တရားနာကြ၏။

မင်းသည် နိုး၍ "မိန်းမတို့သည် ရသေ့တစ်ပါးကို ခြံရံကြသည်ကို ကြားသိ၍ အမျက်ထွက်ကာ သန်လျက်ကိုင်ပြီးသွား၏။ မင်းက "သင်ဟာ ဘယ်ဝါဒရှိသနည်း"ဟု မေးသော် ဘုရားလောင်းက "ဆဲဆိုပုတ်ခတ်သူတို့၌ အမျက်မထွက်ဘဲ သည်းခံခြင်း ခန္တီဝါဒရှိ၏"ဟု ဆို၏။ မင်းက "ခန္တီ ရှိ မရှိ သိရအံ့"ဟူ၍ တစ်ကိုယ်လုံးကို ကြိမ်ဖြင့် အချက်နှစ်ထောင်ရိုက်ခိုင်း၏။ မင်းက "သင်၏ ခန္တီသည် ဘယ်မှာရှိသနည်း"ဟု မေးသော် "ငါ၏ စိတ်နှလုံး၌ ရှိ၏။ သင် မမြင်နိုင်"ဟု ဆို၏။ မင်းသည် လူသတ်သမားအား လက် ခြေ နားနှာခေါင်း တို့ ဖြတ်စေပြီး ခြေဖြင့်ကန်၏။ စစ်သူကြီးသည် ဘုရားလောင်းကို ထိုင်စေပြီး "အရှင်ဘုရား မင်းကိုသာ အမျက်ထွက်ပါ"ဟု ဆို၏။ မင်းသည် ကြာမြင့်စွာ အသက်မရှည်။ ငါလို ပညာရှိတို့သည် အမျက်မထွက်"ဟု ဘုရားလောင်းက ဆို၏။ မင်းသည် ဥယျာဉ်မှထွက်သော် အဝီစိငရဲ၌ကျ၏။ ဘုရားလောင်းလည်း ထိုနေ့၌ပင် သေလေ၏။

ဇာတ်ပေါင်း။ ကလာဗုမင်း-ဒေဝဒတ်။ စစ်သူကြီး-သာရိပုတ္တရာ။
ခန္တီဝါဒီရသေ့-ဗုဒ္ဓ။

ခန္တီဝါဒီဇာတ်မှ ရရှိသောသင်ခန်းစာ

ဤဇာတ်ကို ဖတ်ရှုရသဖြင့် ပညာရှိသူတော်ကောင်းသည် သည်းခံစိတ်ရှိ၍ ပြစ်မှားသူကို အမျက်မထွက်ချေ။ သူတော်ကောင်းအား မိုက်ပြစ်မှား၊ ကြီးမားကဲကြီးသင့် ဆိုသကဲ့သို့ သူတော်ကောင်းက သည်းခံသော်လည်း ကံတရားက သည်းမခံချေ။ သည်းခံတိုင်း အနိုင်မယူသင့်ပေ။ အနိုင်ယူလျှင် ကလာဗုမင်းကဲ့သို့ ငရဲသို့ ရောက်တတ်ပုံတို့ကို သင်ခန်းစာများ ရရှိပါသည်။

http://www.dhammadownload.com

၄။ လောဟကုမ္ဘိဇာတ်အကျဉ်းချုပ်

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် အလားတူထိုင်ရဲသားတို့၏ မြည်တမ်းသံကို ကြား၍ သဗ္ဗစကုက္ကယဇ်ကြီးကို စီရင်နေသော ကောသလမင်းကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကို ဟောတော်မူသည်။

ရှေးဘဝက သူ့သားမယားတို့ကို ပြစ်မှားသည့် မင်းသားလေးဦးတို့သည် လောဟကုမ္ဘိငရဲ၌ အနှစ်ခြောက်သောင်းခံပြီးသော် ငရဲအိုး မျက်နှာဝရစ်ကို မြင်လျှင် ဘယ်အခါမှ ဤဆင်းရဲမှ လွတ်ပါအံ့နည်းဟု အစဉ်အတိုင်း ဒု, သ, န, သော, ဟု ဟစ်ပြီး တစ်ဖန် နစ်သွားကြ၏။

ဗာရာဏသီမင်းအား ထိုအသံများကို ကြောက်၍ မေးသော် ပုဏ္ဏားတို့က "တိုင်းပြည်၌ အန္တရာယ် တစ်ခုခုဖြစ်မည်။ သားကောင်များကို လေးကောင်စီယူ၍ သဗ္ဗစကုက္ကယဇ်ဖြင့် ထိုအန္တရာယ်ကို ငြိမ်းစေအံ့" ဆိုကြသော် သတ္တဝါများကို ယဇ်တိုင်သို့ထားကြ၏။ ဘုရားလောင်းရသေ့သည် ဒိဗ္ဗစက္ခုဖြင့် ကောင်းကင်မှမြင်လျှင် မင်း၏ဥယျာဉ်၌ဆင်း၍ ကျောက်ဖျာ၌နေ၏။ သတ္တဝါများသတ်ခြင်းကို မနှစ်သက်သော ပုရောဟိတ်၏တပည့်သည် ဘုရားလောင်းကို မြင်လျှင် ယဇ်ပူဇော်ခြင်းအကြောင်းကို လျှောက်၏။

ဘုရားလောင်းက "ငါသည် ဤပြဿနာကို ဖြေရှင်းအံ့" ဆိုသဖြင့် လုလင်က မင်းထံသွား၍ လျှောက်၏။ မင်းက မေးသော် ဘုရားလောင်းက မင်းသားလေးဦးအကြောင်း ဒု သ န သော ဟူသောစကား၏ အဓိပ္ပာယ်ကို ရှင်းပြပြီး ဤငရဲသားတို့အသံကို ကြားရသဖြင့် သင်မင်းကြီးမှာ အန္တရာယ်မရှိဟု ဆို၏။ မင်းသည် တရားနာပြီး ယဇ်ပူဇော်မည့် သတ္တဝါတို့ကို လွှတ်စေ၏။ ဘုရားလောင်းသည် သတ္တဝါတို့ ချမ်းသာခြင်းကိုပြု၍ နှစ်ရက် သုံးရက် နေပြီး ဟိမဝန္တာသို့ သွားလေ၏။

ဇာတ်ပေါင်း။ ပုရောဟိတ်၏တပည့်-သာရိပုတ္တရာ။ ရသေ့-ဗုဒ္ဓ။

လောဟကုမ္ဘိဇာတ်မှ ရရှိသောသင်ခန်းစာ

ဤဇာတ်ကို ဖတ်ရှုရသဖြင့် စောင့်ရှောက်သူရှိသော မိန်းမတို့ကို ပြစ်မှားခဲ့ကြသဖြင့် လောဟကုမ္ဘိငရဲ၌ကျရပုံ၊ ကျိုက်ကျိုက်ဆူသော

http://www.dhammadownload.com

ဆားရေပူအိုးတွင် နှစ်ပေါင်း သုံးသောင်းကြာ အောက်သို့ဆင်းရ၍ ပြန်တက်သည့်အခါ နှစ်ပေါင်းသုံးသောင်းတိုင် တက်ရပြီးမှ တစ်ကြိမ်ပေါ် ရပုံ၊ ပေါ်ဆဲခဏ၌ မိမိကျူးလွန်မိခဲ့သော မကောင်းမှုကြောင့် တစ်ဂါထာစီ အပြည့်အစုံ ရွတ်သော်လည်း ရွတ်ချိန်မရ ဒု, သ, န, သော ဟူသော အစတစ်လုံးကိုသာ ရွတ်ဆိုနိုင်ပုံ၊ စံရသည်ကားတစ်ခဏ၊ ခံရသည်ကား အနန္တပင်ဖြစ်သည်။ လူမိုက်သည် မကောင်းမှုကို ကောင်းမှုထင်ပြီး ပြုလုပ်တတ်သည်။ ဝေးဝေးက ရှောင်ကြဉ်ကြရန်ဖြစ်သည်ဟူသော သင်ခန်းစာများ ရရှိပါသည်။

၅။ သဗ္ဗမံသလာဘဇာတ်အကျဉ်းချုပ်

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် ဝမ်းနှုတ်ဆေးသောက်ကြသည့် ရဟန်းတို့အား အမဲသားရောသည့် ဆွမ်းကို ခံပေးသည့် ရှင်သာရိပုတ္တရာမထေရ်ကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကို ဟောတော်မူသည်။

ဘုရားလောင်းသူဌေးသားနှင့်တကွ သူဌေးသားလေးဦးတို့သည် တစ်နေ့တွင် မြို့မှထွက်သော် လမ်းဆုံ၌ အသားများလှည်းပေါ် တင်ပြီး ရောင်းရန် မြို့ကိုလာသည့် မုဆိုးတစ်ဦးကိုမြင်လျှင် အသီးသီး အမဲသားတောင်းကြ၏။ မုဆိုးက "ဟယ် မုဆိုး"ဟု ခေါ်၍တောင်းသော သူဌေးအား အသား အသွေး မရှိသည့် အမြွေး၊ "အစ်ကိုကြီး"ဟု ခေါ်၍ တောင်းသူအား ကိုယ်သား၊ "အဘ" ဟု ခေါ်၍ တောင်းသူအား နှလုံးနှင့်တကွ အသားကောင်း၊ "မိတ်ဆွေ"ဟု ခေါ်၍ တောင်းသူအား လှည်းပေါ်ပါသမျှ အသားအားလုံးပေး၏။ အမဲ အားလုံးကိုရသည့် သူဌေးသားသည် ထိုမုဆိုးကို သားမယားနှင့်တကွ အိမ်ခေါ်ပြီး ပေးကမ်းထောက်ပံ့လျက် အတူနေလေ၏။

ဇာတ်ပေါင်း။ မုဆိုး-သာရိပုတ္တရာ။
အသားအားလုံးရသောသူဌေးသား- ဘုဒ္ဓ။

http://www.dhammadownload.com

သဗ္ဗမံသလာဘဇာတ်မှ ရရှိသောသင်ခန်းစာ

ဤဇာတ်ကို ဖတ်ရှုရသဖြင့် စကားချိုသာ၊ ပြောဆိုပါ များစွာ လူနတ်ချစ် ဆိုသည့်အတိုင်း စကားချိုသာ ပြောဆိုပါက လူရော နတ်ပါ ချစ်ခင်တတ်ပြီး မင်္ဂလသုတ်လာ သုဘာသိတဝါစာ ဖြစ်အောင် စကားပြောရာတွင် ပြောဆိုသုံးနှုန်းတတ်ဖို့လိုသည်။ စကားကို ယဉ်ကျေးလိမ္မာအောင် ပြောဆိုတတ်သဖြင့် လိုချင်နေသည့် အမဲသားအားလုံး ရရှိသွားပုံ၊ မိတ်ဆွေကောင်း၏တန်ဖိုးသည် အတိုင်းမသိ ထိုက်တန်ပုံ စသည့် သင်ခန်းစာများ ရရှိပါသည်။

၆။ သသပဏ္ဏိတဇာတ်အကျဉ်းချုပ်

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် သူကြွယ်တစ်ဦးက ရဟန်းသံဃာအား ပရိက္ခရာအစုံလှူသည်ကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကို ဟောတော်မူသည်။

ဘုရားလောင်း ယုန်ပညာရှိသည် ဖျံ၊ မြေခွေး၊ မျောက်တို့နှင့်အတူ နေပြီး တရားဟော၍ ဆုံးမ၏။ တစ်နေ့တွင် ယုန်သည် ဥပုသ်စောင့်ပြီး အလှူခံတို့အား "သင်တို့စားသည့်အထဲမှ လှူ၍ စားကြ"ဟု ဆို၏။ နောက်နေ့တွင် အစာရှာထွက်ကြသော် ဖျံသည် ငါးကြင်းခုနစ်ကောင်ရ၏။ မြေခွေးသည် အမဲစိုနှစ်ခု၊ ဖွတ်ကင်တစ်ခု၊ နို့ခမ်းအိုးတစ်ခုကို ရ၏။ မျောက်သည် သရက်သီးတစ်ခိုင်ရ၏။ သူတို့သုံးဦးသည် သီလဆောက်တည်၏။ ယုန်သည်ကား "နေဇာမြက်ကို စားအံ့၊ အလှူခံလာလျှင် မိမိရထားသော အသားကို လှူအံ့" ဟု ကြံ၍ ချုံ၌ ဝပ်၍ သီလဆောက်တည်၏။ သိကြားမင်းသည် ပုဏ္ဏားအသွင်ဖြင့်လာပြီး ယုန်ကိုစုံစမ်းလိုသဖြင့် ဖျံ၊ မြေခွေး၊ မျောက်တို့ထံသွား၍ အလှူခံသော် လှူကြ၏။ ယုန်ထံသွား၍ ယုန်က "အသင်ပုဏ္ဏား မီးမွှေးလော့၊ ငါသည် ကိုယ်ကို စွန့်၍ မီးထဲဆင်းပြီး ငါ့အသားကို ကျွေးအံ့"ဟု ဆို၏။

ပုဏ္ဏားသည် မီးဖန်ဆင်း၏။ ယုန်သည် မီးထဲခုန်ချ၏။ ယုန်၏ အမွှေးကိုပင် မလောင်ဘဲ အလွန်အေးခြင်းကို ခံစားရ၏။ ထိုအခါ ပုဏ္ဏားက

http://www.dhammadownload.com

"ငါသည် သိကြားမင်းဖြစ်၏။ သင့်ကို စုံစမ်းရန် လာခဲ့၏။ သင်၏ ဂုဏ်ကျေးဇူးသည် ကမ္ဘာတည်စေသတည်း"ဟု လဝန်း၌ ယုန်ရုပ်ရေးပြီး ပြန်၏။ ထိုမိတ်ဆွေလေးဦးသည် တစ်သက်လုံး ချစ်ခင်စွာနေကြလျက် အလှူပေး၍ သီလဆောက်တည်ပြီး ဥပုသ်စောင့်ကြ၏။ စုတေသော် ကံအားလျော်စွာ လားလေ၏။

ဇာတ်ပေါင်း။ ဖျံ-အာနန္ဒာ။ မြေခွေး-မောဂ္ဂလာန်။ မျောက်-သာရိပုတ္တရာ။ သိကြားမင်း-အနုရုဒ္ဓါ။ ယုန်ပညာရှိ-ဗုဒ္ဓ။

သသပဏ္ဍိတဇာတ်မှ ရရှိသောသင်ခန်းစာ

ဤဇာတ်ကို ဖတ်ရှုရသဖြင့် ပညာရှိသူတော်ကောင်းသည် လှူဒါန်းပေးကမ်းခြင်း၌ အစဉ်စိတ်ညွှတ်၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် ကမ္ဘာပတ်လုံး တည်စေပါသည်။ ဘုရားလောင်း ယုန်ပညာရှိကဲ့သို့ မိမိတို့သည်လည်း အတုယူဖွယ်ရာဖြစ်ကြောင်း ကမ္ဘာတည်သရွေ့ ရှိနေမည့် လဝယ်ယုန်တံဆိပ်ရေးခြင်း စသည့် သင်ခန်းစာများ ရရှိပါသည်။

၇။ မဟာဇနကဇာတ်အကျဉ်းချုပ်

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် အစ်ကိုသေ၍ ပူဆွေးသောကရောက်ပြီး ငိုကြွေးမြည်တမ်းနေသည့် သူကြွယ်တစ်ဦးကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကို ဟောတော်မူသည်။

ဘုရားလောင်း သူဌေးသားသည် မိဖတို့ကွယ်လွန်သော် ဥစ္စာကို စီရင်သည့် အစ်ကိုကိုမှီ၍ အသက်မွေး၏။ အစ်ကိုသေ၍ ဆွေမျိုးတို့ ငိုကြွေသော်လည်း ဘုရားလောင်းကမူ မငို၊ "အဘယ်ကြောင့် အစ်ကိုသေတာကို မငိုသနည်း၊ ဥစ္စာအားလုံးရမည်ဖြစ်၍ သေခြင်းကို တောင့်တလေသလား"ဟု ဆွေမျိုး မိတ်ဆွေတို့က ကဲ့ရဲ့ကြ၏။

ဘုရားလောင်းက "သင်တို့ဟာ မိုက်မဲ၍ လောကဓံကို မခံနိုင်ကြသဖြင့် ငိုကြွေးကြ၏။ ငါလည်း သေရအံ့၊ သင်တို့လည်း သေကြရအံ့၊ သခီရတရား

http://www.dhammadownload.com

တို့သည် မမြဲပါ။ ဖြစ်ပြီးလျှင် ချုပ်ငြိမ်းတတ်၏။ ဘယ်အကျိုးငှာ ငိုဘိသနည်း" ဟု တရားဟောၦ သောကကင်းအောင် ပြု၏။
ဇာတ်ပေါင်း။ ညီးဗုဒ္ဓ။

မတရောဒနဇာတ်မှ ရရှိသောသင်ခန်းစာ

ဤဇာတ်ကို ဖတ်ရှုရသဖြင့် ရုပ် နာမ် ဓမ္မ သခ်ါရတရားတို့သည် မမြဲခြင်း အနိစ္စ၊ ဆင်းရဲခြင်း ဒုက္ခ၊ အစိုးမရခြင်း အနတ္တဖြစ်ပုံ။ လောကဓံတရားကို ခံနိုင်စွမ်းရှိအောင် ကြိုးစားသင့်ပုံ၊ ဖြစ်ပြီးလျှင် ပျက်တတ်သော သဘောတရားကို မြင်အောင် ရှုမြင်တတ်ဖို့ လိုကြောင်း သေသူနှင့် ရှင်သူမှာ ရှေ့သွား နောက်လိုက်သာ ကွာခြားကြောင်း၊ ပစ္စည်း သတ္တဝါ သခ်ါရာ ပျက်ခါမငိုသင့် ဆိုသည့်အတိုင်း ငို၍ အကျိုးမရှိစသည့် သင်ခန်းစာများ ရရှိပါသည်။

၈။ ကဏ္ဍဝေရဇာတ်အကျဉ်းချုပ်

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် မယားဟောင်း ဖျားယောင်း၍ ငြီးငွေ့သော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကို ဟောတော်မူသည်။

ဘရာဏသီပြည် ဗြဟ္မဒတ်မင်းကြီး ထီးနန်းစံစဉ် ဘုရားလောင်း ခိုးသူကြီးသည် မြို့တွင်း၌ခိုးသော် မြို့စောင့်ကဖမ်းဆီး၏။ မြို့စောင့်သည် မင်းမိန့်ဖြင့် ခိုးသူကိုသတ်ရန် သုသာန်သို့ခေါ်ဆောင်သွား၏။ ထိုအခါ မင်းနှင့်ရင်းနှီးသည့် သာမာပြည့်တန်ဆာမသည် ခိုးသူကိုနှစ်သက်၍ မိန်းမတစ်ဦးကို ငွေတစ်ထောင်ပေး၍ "ဤသူဟာ ကျွန်မမောင်ပါ"ဟု မြို့စောင့်ထံစေခိုင်း၏။ မြို့စောင့်က အခြားသူတစ်ဦး အစားရပါမူ ပြန်လွှတ်ပေးမည်ဟုပြောသဖြင့် ပြန်လာခဲ့၏။ ထိုအခါ သာမာကိုနှစ်သက်၍ နေ့စဉ် ငွေတစ်ထောင်ပေးသော သူဌေးသားတစ်ဦးသည် နေဝင်ချိန်၌ သာမာထံလာ၏။ သာမာက "ခိုးသူကြီးသည် ငါ့မောင်တည်း၊ မြို့စောင့်က ငွေတစ်ထောင်ရမှလွှတ်အံ့"ဟု ဆို၏။

http://www.dhammadownload.com

သူဌေးသားက သာမာကို ချစ်သဖြင့် ငါသွားမည်ဟုဆိုကာ ငွေတစ်ထောင်ယူ၍ မြို့စောင့်ထံသွား၏။ မြို့စောင့်သည် ခိုးသူကြီးနှင့်လူချင်းလဲပြီး ခိုးသူကြီးကို သာမာထံပို့လိုက်၏။ သူဌေးသားကိုခေါင်းဖြတ်ပြီးသတ်လိုက်၏။ ထိုအခါမှစ၍ သာမာသည် ခိုးသူကြီးနှင့်သာပျော်နေတော့၏။ ခိုးသူကြီးက "သာမာဟာ အခြားယောကျ်ားကိုနှစ်သက်လျှင် ငါ့ကိုသတ်ပြီး အခြားသူနှင့် ပျော်မည်၊ သာမာသည် မိတ်ဆွေကိုပြစ်မှားတတ်၏၊ သူ၏တန်ဆာများကို ယူ၍ပြေးအံ့"ဟု ကြံစည်၏။

တစ်နေ့တွင် ခိုးသူကြီးသည် ကစားလို၏ဟုဆို၍ သာမာအား တန်ဆာအားလုံး ကိုယ်မှာဆင်ပြီး ဥယျာဉ်သို့သွား၍ပျော်ပါး၏။ ခိုးသူကြီးသည် ကုလားဇလပ်ခုံထဲ၌ သာမာကို လည်၌ဖက်သလိုနှိပ်၍ မေ့အောင်လုပ်ပြီး အားလုံးကိုချွတ်ယူ၍ ရွာတစ်ရွာ၌နေလေ၏။ သာမာသည် ခိုးသူကြီးကို သတိရ၍ ချစ်သူလင်ကိုတမ်းတပြီး စိတ်မချမ်းမသာဖြင့် အခိုနိုကိုကုန်စေ၏။

ဇာတ်ပေါင်း။ သူဌေးသား-ငြိုးငွေ့သောရဟန်း။
သာမာ-ငြိုးငွေ့သော ရဟန်း၏ မယားဟောင်း။
ခိုးသူကြီး-ဗုဒ္ဓ။

ကဏ္ဍဝေရဇာတ်မှ ရရှိသောသင်ခန်းစာ

ဤဇာတ်ကို ဖတ်ရှုရသဖြင့် ရမ္မက်အလိုကိုလိုက်သော သူဌေးသားသည် ခေါင်းဖြတ်၍အသတ်ခံလိုက်ရလေသည်။ ကျေးဇူးရှင်သူဌေးသားအပေါ် ကောက်ကျစ်ယုတ်မာသည့် သာမာပြည့်တန်ဆာမသည် ခိုးသူကြီးလင်ကိုတမ်းတပြီး နှလုံးမချမ်းမသာဖြစ်ကာ စိတ်ဆင်းရဲခြင်းဒုက္ခနှင့် တွေ့ကြုံရပုံ၊ ကျေးဇူးကန်းတတ်သော သာမာကို ခိုးသူကြီးမှ ဝေးရာသို့ရှောင်ထွက်ခြင်းခံရပုံ၊ အသက်ဘာဇာစောင့်၊ အန္တရာယ်ကို ကြုံမြင်ရမည်။ လျှပ်ပေါ်ဖောက်ပြားတွေ့မြင်ကြား ရှောင်ရှားသက်ဆုံးတိုင် ဆိုသည်နှင့်အညီ လျှပ်ပေါ်လော်လည်ဖောက်ပြားတတ်သောသူကို တွေ့မြင်ကြားသိရလျှင် ရှောင်သင့်သည်ဟူသော သင်ခန်းစာ များ ရရှိပါသည်။

http://www.dhammadownload.com

၉။ တိတ္တိရဇာတ်အကျဉ်းချုပ်

မြတ်စွာဘုရားသည် ကောသမ္ဗိပြည်ကိုမှီ၍ ဆီးတောကျောင်း၌နေစဉ် သိက္ခာပုဒ်ကိုအလိုရှိပြီး ကုက္ကုစ္စဖြစ်တတ်သော ရာဟုလာမထေရ်ကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကို ဟောတော်မူ၏။

ဟိမဝန္တာနေ ဘုရားလောင်း ဈာန်ရရသော့သည် ချဉ်ဆားမှိုဝဲရန် ရွာတစ်ရွာကိုသွား၍ ရွာသားတို့ဆောက်ပေးသည့်ကျောင်း၌နေ၏။ ထိုအခါ ငှက်မုဆိုးသည် သင်ထားသည့် ခါတိန်ညင်ကို တောသို့ခေါ်ပြီး ခါတိန်ညင်ကို အသံပေးခိုင်း၏။ ခါအပေါင်းက ခါသံကိုကြား၍ လာလျှင် ငှက်မုဆိုးသည် ဖမ်း၍ရောင်းစား၏။ ထိုခါသည် "ငါ့ကိုမှီ၍ ငါ့မိတ်ဆွေတို့ပျက်စီးအံ့"ဟု ဆို၍ အသံမပြုဘဲနေ၏။ မုဆိုးက ခေါင်းကိုရိုက်သဖြင့် ခါသည် အသံပြု၏။ မုဆိုးသည် ခါများကိုယူ၍ ဘုရားလောင်းထံသွား၍ ခါများကိုထားခဲ့ပြီး သဲပြင်၌ အိပ်၏။ ထိုအခါ ခါတိန်ညင်က ဘုရားလောင်းအား "ကျွန်ုပ်သည် စေတနာမပါဘဲ အသံမြည်ရပါသည်။ မုဆိုးသည် ခါတို့ကိုသတ်ရာ၌ ကျွန်ုပ်မှာ အကုသိုလ်ဖြစ် မဖြစ် သိလိုပါ၏"ဟုဆို၏။ ဘုရားလောင်းက "သင့်မှာ အကုသိုလ်မဖြစ်"ဟု ရှင်းပြ၏။ မုဆိုးသည် အိပ်ရာမှနိုးသော် ရှိခိုးပြီး ခါများကို ယူကာ ပြန်လေ၏။

ဇာတ်ပေါင်း။ ခါတိန်ညင်-ရာဟုလာ။ ရသေ့-ဘုဉ္ဇ။

တိတ္တိရဇာတ်မှ ရရှိသောသင်ခန်းစာ

ဤဇာတ်ကို ဖတ်ရှုရသဖြင့် ခါတိန်ညင်သည် သူ့စိတ်သဘောကို ဘုရားလောင်းရသေ့ထံသွား၍ စေတနာမပါဘဲ အသံမြည်ရာ သူ့အတွက် ကြောင့် ခါတိန်ညင်ပေါင်းများစွာ သေကြရသည်။ အကုသိုလ်ထောက်၊ ပြုချိန်ရောက်၊ ကံမြောက်ဖို့မှာ စေတနာဆိုသည့်အတိုင်း ဤအမှုကိစ္စ၌ ကျွန်ုပ်မှာ အကုသိုလ်ဖြစ် မဖြစ် မေးမြန်းရာ စေတနာမပါသည့်အတွက် ပါဏာတိပါတကံဟာ သင့်ထံမရောက်ဟုဖြေကြားသဖြင့် ပါဏာတိပါတကံသည် စေတနာပါမှသာ ကံမြောက်နိုင်ပုံ၊ လူလိမ္မာသည် ပညာရှိကိုမေး၍ မကောင်းမှုမှ ရှောင်ကြဉ်တတ်ပုံ၊ ကိုယ်ကောင်းလျှင် ခေါင်းဘယ်မှမရွေ့ပုံ တို့ကို သင်ခန်းစာအဖြစ် ရရှိပါသည်။

http://www.dhammadownload.com

၁၀။ သုစ္စဇာတ်အကျဉ်းချုပ်

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် အလားတူ မိမိမယား ကို မချစ်မြတ်နိုးသည့် သူကြွယ်တစ်ဦးကို အကြောင်းပြု၍ ဤအတိတ် ဇာတ်ကို ဟောတော်မူသည်။

ဘုရားလောင်းသည် ဗြဟ္မဒတ်မင်း၏ အမတ်ဖြစ်စဉ် မင်းသည် သူ့အသက်ကို အိမ်ရှေ့မင်းသား လုပ်ကြံမည်ထင်၍ "ငါ့အသက်ရှိစဉ် အခြား သွားနေ၍ ငါသေသော် မင်းပြုလော့"ဟုဆိုကာ နှင်ထုတ်၏။ မယားနှင့်အတူ ထွက်လာခဲ့၏။ သူသည် အဖကွယ်လွန်သည်ကိုသိသော် ဗာရာဏသီပြည်သို့ ပြန်၍ မင်းပြု၏။ မင်းသည် မိဖုရားအရာ ထားရုံသာထားပြီး မြတ်နိုးမှုမရှိပေ။ လွယ်လွယ်ကူကူ ပေးစရာကိုပင် မပေးကမ်းချေ။

ဘုရားလောင်းသည် မိဖုရားကို မင်းထံခေါ်ပြီး "မင်းကြီး ဤမိဖုရား သည် ဆင်းရဲခ်ိန်တွင် ဆင်းရဲပြီး၍ ယခု ချမ်းသာသည့်အချိန်၌ ချီးမြှောက် သင့်၏" စသည်ဖြင့် မိဖုရား၏ကျေးဇူးကိုပြောလေသော် မင်းသည် သူမ၏ ကျေးဇူးကိုသတိရ၍ စည်းစိမ်အာဏာလုံးပေး၏။ ဘုရားလောင်းကိုလည်း ကျေးဇူး တရားကို သတိရအောင် ဖော်ပေးသူဟုဆို၍ စည်းစိမ်ကိုပေးလေ၏။

ဇာတ်ပေါင်း။ ဗာရာဏသီမင်း-ယခုသူကြွယ်။ မိဖုရား-သူကြွယ်၏ဇနီး။ ပညာရှိအမတ်-ဗုဒ္ဓ။

သုစ္စဇာတ်မှ ရရှိသောသင်ခန်းစာ

ဤဇာတ်ကို ဖတ်ရှုရသဖြင့် ဆင်းရဲချမ်းသာ၊ တူမကွာ၊ ကြင်နာ မယားမြတ် ဆိုသည့်အတိုင်း ဗြဟ္မဒတ်မင်း၏ မိဖုရားသည် မယားမြတ်ပင် ဖြစ်သည်။ အိမ်ရှေ့မင်းသားသည် အေးအတူပူအမျှ သဘောကိုမထားဘဲ ပုထုဇဉ်တို့သဘာဝ ရာထူးစည်းစိမ်ဥစ္စာ ကြီးပွားလာလျှင် အိမ်ရှေ့မင်းသား ကဲ့သို့ဖြစ်တတ်ကြောင်း၊ ကျေးဇူးတရားကို မကန်းဖို့လိုကြောင်း၊ ကောင်းတူ ဆိုးဖက် ပေါင်းဖက်သင့်ကြောင်း သင်ခန်းစာများ ရရှိပါသည်။

http://www.dhammadownload.com

၃-ကုဋိဒူသကဝဂ်

၁။ ကုဋိဒူသကဇာတ်အကျဉ်းချုပ်

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် ရှင်မဟာကဿပ မထေရ်၏ ကုဋိကိုမီးတိုက်ဖျက်ဆီးသော ကုဋိဒူသက ရဟန်းငယ်တစ်ပါးကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကို ဟောတော်မူသည်။

ဗာရာဏသီပြည် ပြဟ္မဒတ်မင်းအုပ်ချုပ်စဉ် ဘုရားလောင်းငှက်သည် အသိုက်လုပ်၍နေထိုင်၏။ တစ်နေ့တွင် သူ၏အနီး၌လာနေသော မျောက် တစ်ကောင်အား "သင့်မှာ လက်ရှိလျက် အဘယ့်ကြောင့်နေစရာမရှိသနည်း" ဟု မေးသော် ထိုမျောက်က "လက်ရှိသော်လည်း ငါ့မှာပညာမရှိ"ဟု ပြန် ပြော၏။ ဘုရားလောင်းငှက်က "မိတ်ဆွေကိုပြစ်မှားတတ်၊ စိတ်မတည်ကြည်၊ သီလမရှိသူအား ချမ်းသာမရှိ။ သင်သည် ဒုဿီလအကျင့်ကိုမကျင့်ဘဲ မိမိ အစွမ်းဖြင့် နေစရာရှာလော့"ဟု ဆိုသော် မျောက်က "ဒီငှက် ငါ့ကိုဆဲတာပဲ" ဟု ကြံ၍ ဖမ်းရန်ပြေးလာသော် ငှက်သည် ပျံသွားလေ၏။ မျောက်သည် အသိုက်ကိုဖျက်ဆီးသွားလေတော့၏။

ဇာတ်ပေါင်း။ မျောက်-ကုဋိကိုမီးရှို့သော ရဟန်းငယ်။ သဂီလငှက်-ဗုဒ္ဓ။

ကုဋိဒူသကဇာတ်မှ ရရှိသောသင်ခန်းစာ

ဤဇာတ်ကို ဖတ်ရှုရသဖြင့် ကိုယ့်ထက်မြတ်သူ တန်းတူမတွေ့က တစ်ယောက်တည်းနေပါ။ လူမိုက်ကိုအဖော်မပြုရ။ လူမိုက်သည် အကျိုးလို၍ ဆုံးမသူကိုပင် ရန်သူထင်တတ်၏။ ပညာမဲ့သူကို ကျိုးကြောင်းပြဆုံးမသော် လည်း မောရုံသာဖြစ်သည်။ "လူမိုက်ဆိုလျှင်၊ ဆုံးမသင်၊ ကိုယ်ပင်ပျက်စီးမည်၊ လူမိုက်ကိုအဖော်မပြုရ" စသည့် သင်ခန်းစာများ ရရှိပါသည်။

http://www.dhammadownload.com

၂။ ဒုဒ္ဒုဘဇာတ်အကျဉ်းချုပ်

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် အနှစ်သာရ အကျိုးမရှိ မိစ္ဆာအကျင့်ကို ကျင့်ကြသည့် တတ္ထိတို့ကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကို ဟောတော်မူသည်။

ဗာရာဏသီပြည် ပြဟ္မဒတ်မင်းကြီး အုပ်စိုးစဉ် ဘုရားလောင်းခြင်္သေ့မင်းသည် တောင်၌နေ၏။ ထိုအခါ ဥဿစ်ပင်အနီး ထန်းရွက်အောက်၌နေသည့် ယုန်သည် "ဤမြေပြိုအံ့၊ အသို့ပြုမည်နည်း" ဟုကြံ၏။ ထိုခဏ၌ ဥဿစ်သီးမှည့် ထန်းရွက်ပေါ် သို့ကြွေကျသော် မြေပြိုပြီထင်၍ ခုန်ပြီး နောက်ကိုမကြည့်ဘဲ ပြေး၏။ အခြားယုန်ကမေးသော် "မမေးနဲ့၊ မြေပြိုပြီ" ဟုဆို၍ ဆက်ပြေးသော် တစ်ထောင်မျှသောယုန်တို့သည်လည်း ပြေးကြလေ၏။ နောက် သမင်, ဝက်, စိုင်, ကျွဲ, နွားနေဒက် စသည့် သတ္တဝါအားလုံး ပြေးကြ၏။

ဘုရားလောင်းခြင်္သေ့သည် "မြေပြိုသည်ဆိုခြင်းမှာ မဖြစ်နိုင်။ အခြားအသံတစ်ခုသာဖြစ်မည်" ဟု ရိပ်မိပြီး ရှေ့မှဆီး၍ သုံးကြိမ်ဟောက်ရာ အားလုံးရပ်တန့်သွားကြ၏။ ခြင်္သေ့သည် တိရစ္ဆာန်အုပ်ထဲဝင်၍ အဆင့်ဆင့်မေးသော် "မြေပြို၏" ဟုဆိုသည့် ယုန်ကိုတွေ့၍ မေး၏။ တိရစ္ဆာန်အားလုံးကို ထိုနေရာနေခဲ့စေပြီး စုံစမ်းရန် ယုန်ကိုကျောပေါ်တင်၍ ထန်းတောသို့သွား၏။ ခြင်္သေ့သည် ဥဿစ်သီးမှည့်ကိုမြင်လျှင် ထန်းလက်ပေါ် ဒီအသီးကျတာမဟုတ်သို့ ယုန်ကိုတင်ပြီး တိရစ္ဆာန်တို့ထံ အကြောင်းစုံပြောပြ၏။ ထိုအခါ ဘုရားလောင်းခြင်္သေ့ကိုမှီ၍ သတ္တဝါများစွာ အသက်ရှင်ကြရလေ၏။

ဇာတ်ပေါင်း။ ခြင်္သေ့-ဗုဒ္ဓ။

ဒုဒ္ဒုဘဇာတ်မှ ရရှိသောသင်ခန်းစာ

ဤဇာတ်ကို ဖတ်ရှုရသဖြင့် "ပညာကင်းမဲ့ တွေးနယ်ချဲ့၊ ကျိုးမဲ့ဖြစ်တတ်လှ" ဆိုသည့်အတိုင်း ယုန်သည် မြေပြိုသည်ထင်၍ အတွေးနယ်ချဲ့ကာ သတ္တဝါအားလုံး ဒုက္ခဖြစ်ကြရ၏။ အရာရာတိုင်းတွင် မျက်မြင်ကိုယ်တွေ့မဟုတ်ဘဲ သူတစ်ပါးပြောသံကြားနှင့် တစ်ထစ်ချ မယုံကြည်သင့်ပေ။ ပညာရှိသူသည် စူးစမ်းဆင်ခြင်ဉာဏ်ရှိ၏။ ပညာမဲ့သူသည် အကြောင်းမဲ့ ကြောက်တတ်၏ စသောသင်ခန်းစာများ ရရှိပါသည်။

http://www.dhammadownload.com

၃။ ဖြဟ္မဒတ္တဇာတ်အကျဉ်းချုပ်

မြတ်စွာဘုရားသည် အာဠဝီပြည်ကိုမှီ၍ အဂ္ဂါဠဝစေတီ၌နေစဉ် ကုဋိကာရသိက္ခာပုဒ်ကိုအကြောင်းပြု၍ ဤဇာတ်ကိုဟော၏။

ကပိလတိုင်း၊ ဥတ္တရပဉ္စာလမင်းလက်ထက်တွင် ဟိမဝန္တာနေ ဘုရားလောင်း ရသေ့သည် ချဉ်ဆားမှီဝဲရန် ဥတ္တရပဉ္စာလမြို့သို့သွား၍ မင်း၏ဥယျာဉ်၌နေ၏။ မိုးလကုန်သော် ဘုရားလောင်းသည် "ငါခရီးသွားလျှင် တလွှာဖိနပ်နှင့် သစ်ရွက်ထီးကို မင်းအားတောင်းအံ့"ဟုကြံ၍ မင်းကြီးကို နှစ်ဦးချင်းတွေ့လိုကြောင်း ပြော၏။ ဘုရားလောင်းသည် ငါတောင်းသော် မင်းကြီး မပေးအံ့။ ငါ့အပေါ် အချစ်ပျက်မည်ဟုဆိုကာ မတောင်းတော့ဘဲ မင်းကြီး သွားဦးတော့ နောက်မှသိရအံ့ဟုဆို၏။ နောက်နေ့လည်း ၎င်းနည်းတူ ဆိုပြန်၏။ ဤသို့နှင့် တစ်ဆယ့်နှစ်နှစ် လွန်သွား၏။

မင်းသည် ပရိသတ်ကိုဖဲစေပြီး ဘုရားလောင်းအား "အလိုရှိတာ တောင်းလော့"ဟု ဆိုသဖြင့် တလွှာဖိနပ်၊ သစ်ရွက်ထီးကိုရလို၏"ဟု ဆို၏။ မင်းက "ဤမျှလောက်ကြာအောင် လိုတာကိုမတောင်းသလော"ဟု ဆို၏။ ဘုရားလောင်းက ဝတ္ထုပစ္စည်းကိုတောင်းသူသည် ခိုးသည်နှင့်တူသည်။ မရှိဟုဆိုသူသည် တုံ့ပြန်၍ငိုပြသည်နှင့်တူသည်။ ထိုအခါ မင်းက "အရှင်ကဲ့သို့သော ပုဂ္ဂိုလ်အား အဘယ်ကြောင့် မလျှာဘဲနေအံ့နည်း"ဟုဆို၍ ထီး ဖိနပ်ကိုလျှော်၏။ ဘုရားလောင်းသည် မင်းအား တရားဟော၍ ဟိမဝန္တာသို့သွားလေတော့၏။ သူသည် စုတေသော် ဖြဟ္မာ့ပြည်သို့လားလေ၏။

ဇာတ်ပေါင်း။ မင်း-အာနန္ဒာ။ ရသေ့-ဗုဒ္ဓ။

ဖြဟ္မဒတ္တဇာတ်မှ ရရှိသောသင်ခန်းစာ

ဤဇာတ်ကို ဖတ်ရှုရသဖြင့် ပစ္စည်းဥစ္စာကိုတောင်းသောသူသည် ငိုပြသည်နှင့်တူကြောင်း၊ မရှိဟုဆိုသော ဥစ္စာရှင်သည်လည်း တုံ့ပြန်၍ငိုပြသည်နှင့်တူကြောင်း။ သူတော်ကောင်းသည် နှုတ်ဖြင့်တောင်းလေ့ ထုံးစံမရှိ၊ "တောင်းသူ ငြင်းသူ ငိုသည်ဟူ၊ တောင်းခံပါက မုန်းတတ်လှ" တောင်းလျှင် မုန်းတတ်ကြောင်း စသည့် သင်ခန်းစာများ ရရှိပါသည်။

http://www.dhammadownload.com

၄။ စမ္မသာဋ္ဌကဇာတ်အကျဉ်းချုပ်

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် သူတော်မဟုတ်သည့် သိုးအား ခိုးမြှောက်၍ သိုးအခွေ့ခံရသော စမ္မသာဋ္ဌကပရိဗိုဇ်ကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကို ဟောတော်မူသည်။

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းနန်းစံစဉ် စမ္မသာဋ္ဌကပရိဗိုဇ်သည် ဗာရာဏသီပြည်၌ ဆွမ်းခံသော် နောက်ဆုတ်သောသိုးကိုမြင်၍ "ဤသိုးသည် ငါ့ကိုပူဇော်၏။ သီလကိုမြတ်နိုးပေစွ"ဟုဆို၍လက်အုပ်ချီလျက် ခိုးကျူးပြောဆို၏။ ထိုအရပ်၌နေသည့် ဘုရားလောင်းကုန်သည်က "သိုးသည် ခွေ့ချင်၍ နောက်ဆုတ်၏။ သင့်ကိုပြင်းစွာ ဒှေ့လတ္တံ့"ဟု ဆိုစဉ်ပင် သိုးသည် ပြေးလာပြီး ပရိဗိုဇ်၏ပေါင်ကိုခွေ့၍ လဲစေ၏။ ထိုပရိဗိုဇ်သည် နာ၍ ငိုပြီး ထိုအရပ်၌ပင် သေလေ၏။

ဇာတ်ပေါင်း။ စမ္မသာဋ္ဌကပရိဗိုဇ်=ယခုပရိဗိုဇ်။ ပညာရှိကုန်သည်=ဗုဒ္ဓ။

စမ္မသာဋ္ဌကဇာတ်မှ ရရှိသောသင်ခန်းစာ

ဤဇာတ်ကို ဖတ်ရှုရသဖြင့် မခိုးမြှောက်ထိုက်၊ ခိုးမြှောက်လိုက်လူမိုက်ပျက်စီးမည် ဆိုသကဲ့သို့ လူမိုက်သည် လူယုတ်ကို ခိုးမြှောက်၍ ပျက်စီးရ၏။ ရန်သူကို မိမိအား ခိုးမြှောက်သူထင်လျှင် ဘေးသင့်တတ်၏။ လူမိုက်နှောင်တ နှောင်တရတတ်သည် သင်ခန်းစာများ ရရှိပါသည်။

၅။ ဓဂါဓရောဇဇာတ်အကျဉ်းချုပ်

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် အုံသြဖွယ်ကိုပြုတတ်သော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကို ဟောတော်မူသည်။

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းအုပ်ချုပ်စဉ် ဘုရားလောင်းဖွတ်မင်းသည် သူနေသည့်တောအနီး၌ ကျောင်းဆောက်နေထိုင်သည့် သီလမရှိသော ရသေ့ထံ မပြတ်သွား၏။ ရသေ့သည် ဒါယကာတို့လျှူသည့် ဖွတ်သားအရသာ

http://www.dhammadownload.com

ကို တပ်မက်ပြီး "ငါ့ကျောင်းလာသည့်ဖွတ်ကို သတ်စားအံ့"ဟု တင်းပုတ်ကို ကိုင်၍ ဖုံးထားပြီး ဖွတ်အလာကိုစောင့်ကာ တံခါးဝ၌နေ၏။ ဖွတ်သည် လာ၍ ကွန်ရှေ့ပျက်နေသည်ကိုမြင်ပြီး ရသေ့၏လေအောက်၌ရပ်၍ စုံစမ်းသော် ရသေ့ကိုယ်မှ ဖွတ်နံ့ရ၍ ဖဲသွား၏။ ရသေ့သည် တင်းပုတ်နှင့်ပစ်သော် ဖွတ်၏အမြီး ထိမှန်ကာ တောင်ပို့သို့ပြေးဝင်သွားပြီး ရသေ့အား "သင်ဆွမ်းခံသည့်ရွာက လူအများအား သင့်အကြောင်းပြောအံ့"ဟု ခြိမ်းခြောက်၏။ ရသေ့သည် ထိုအရပ်မှ ပြေး၏။

ဇာတ်ပေါင်း။ ရသေ့အံ့ဩဖွယ်ကိုပြုတတ်သော ရဟန်း။ ဖွတ်မင်းဇာဒ္ဓ။

ဂေါဓရာဇာတ်မှ ရရှိသောသင်ခန်းစာ

ဤဇာတ်ကို ဖတ်ရှုရသဖြင့် ရသတဏှာကို သိမ်းဆည်းသင့်၏။ ရသတဏှာကြောင့် မိမိစိတ်ကို မဖျက်ဆီးသင့်။ သူယုတ်မာသည် မိမိအလိုပြည့်ရန် အခြားသူများကို ဒုက္ခပေးတတ်သည်။ လူမိုက်သည် ပညာရှိကို မကောင်းကြံ၍ မရပေ။ ဖွတ်မရဘဲ ဓားမဆုံးတတ်သည်ကို သင်ခန်းစာအဖြစ် ရရှိပါသည်။

၆။ ကက္ကာရုဇာတ်အကျဉ်းချုပ်

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် ဒေဝဒတ်ကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကိုဟောတော်မူသည်။

ဘရာဏသီပြည် ပြဟ္မဒတ်မင်းလက်ထက်တွင် တာဝတိံသာနတ်ပြည်မှ ဘုရားလောင်းနတ်သားနှင့်တကွ နတ်သားလေးဦးသည် နတ်ပန်းကုံးတစ်ခုစီပန်ပြီး ပွဲလာကြည့်ကြ၏။ သူတို့ပန်းကုံးသည် တစ်မြို့လုံးမွှေး၏။ လူတို့က "ဤပန်းကို မည်သူပန်သနည်း"ဟုဆိုသော် နတ်သားတို့ကသိ၍ မင်းရင်ပြင်ပေါ်၌ ရပ်ကြ၏။ မင်း မျှားမတ် စသူတို့ စုရုံးကြပြီး နတ်တို့ထံမှ ပန်းတောင်းကြ၏။

နတ်သားအကြီးက "ကက္ကာရုနတ်ပန်းသည် သီလ စသည့်ဂုဏ်တို့နှင့် ပြည့်စုံသူသာ ထိုက်၏"ဟု ဆို၏။ ထိုဂုဏ်မရှိသော ပုရောဟိတ်က "ကျွန်ုပ်

http://www.dhammadownload.com

သည် ထိုဂုဏ်တို့ဖြင့် ပြည့်စုံ၏"ဟု လိမ်ပြော၍တောင်း၏။ နတ်သားတို့က ပုရောဟိတ်အား ပန်ပေးပြီး နတ်ပြည်ပြန်သွားကြ၏။ ထိုခဏ၌ ပုရောဟိတ်၏ ဦးခေါင်းသည် သံချွန်သံပြားဖြင့် ဖြတ်သကဲ့သို့ အလွန်နာကျင်ပြီး လူးလိမ့်ဟစ်ကြွေးလျက် "ငါလိမ်ပြီးတောင်း၍ ဤလိုခံစားရ၏"ဟု ဆို၏။

လူတို့သည် ပုရောဟိတ်ကို အိမ်ခေါ်သွားကြ၏။ ပုရောဟိတ်သည် ခုနစ်ရက်တိုင်တိုင် ဟစ်ကြွေးနေရသော် သူ့ကိုကယ်ဖို့ မင်းကပွဲသဘင် စီရင်ရ၏။ ထိုနတ်သားတို့ မင်းရင်ပြင်ပေါ်၌ ရပ်ကြသော် လူတို့က ပုရောဟိတ်ကို ခေါ်လာပြီး ပက်လက်အိပ်စေ၏။ ပုရောဟိတ်က "ကျွန်ုပ်အသက်ကို ကယ်ပါ" ဟု တောင်းပန်၏။ နတ်တို့က "သင်ဟာ ငါတို့ကို မဟုတ်မမှန်ပြောသဖြင့် ဤအကျိုးကိုရ၏"ဟု ကဲ့ရဲ့၍ သူ့ဦးခေါင်းမှပန်းတို့ကို ပယ်စေပြီး လူအများအား ဆုံးမ၍ ပြန်ကြလေ၏။

ဇာတ်ပေါင်း။ ပုရောဟိတ်-ဒေဝဒတ်။ နတ်သားအကြီး-ဗုဒ္ဓ။

ကဏ္ဍာရူဇာတ်မှ ရရှိသောသင်ခန်းစာ

ဤဇာတ်ကို ဖတ်ရှုရသဖြင့် လူလယ်ခေါင်၌ သီလရှိဟန်ဆောင်လိုသူသည် တစ်နေ့တွင် ဘေးတွေ့မည်ဖြစ်၏။ "မုသားစကား ပြောသူအား ကြီးမားဘေးဒဏ်ထိ၊ မုသားမနိုင်၊ သင်းနုံကြိုင်၊ ပန်းခိုင်ဆင်မှ ဆင်းရဲရ၏" ဆိုသည့်အတိုင်း မတန်ရာကိုတပ်မက်၍ မာန်ထောင်လျှင် ဘေးသင့်တတ်သည် စသည့် သင်ခန်းစာများ ရရှိပါသည်။

၅။ ကာကဝတီဇာတ်အကျဉ်းချုပ်

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် "ငြိုငွေ့သော ရဟန်းတစ်ပါးကို အကြောင်းပြုပြီး မိန်းမမည်သည် စောင့်ရှောက်ရန် မတတ်နိုင်"ဟု သိစေလို၍ ဤအတိတ်ဇာတ်ကို ဟောတော်မူသည်။

ဗာရာဏသီပြည် ဘုရားလောင်းဗြဟ္မဒတ်မင်း၏ ကာကဝတီမည်သော မိဖုရားသည် နတ်သမီးကဲ့သို့လှ၏။ ဂဠုန်မင်းသည် လူအသွင်ဖြင့်

http://www.dhammadownload.com

လာပြီး မင်းနှင့်ကြွေကစားသော် ကာကဝတီကိုတပ်မက်၍ ဂဠုန်ပြည်ကို ခိုးသွားပြီး သူမနှင့်မွေ့လျော်၏။ မင်းသည် မိဖုရားကိုမမြင်၍ စုံစမ်းရန် စောင်းသမားကိုလွှတ်၏။ စောင်းသမား စုံစမ်းပြီးသော် ဂဠုန်မင်း၏အတောင်ကြားခွ် စီးလိုက်သွား၏။ စောင်းသမားသည် မိဖုရားနှင့်ပျော်ပါးပြီး ဂဠုန်ကို စီးပြီး ပြန်လာ၏။

စောင်းသမားသည် ဂဠုန်မင်းတို့ ကြွေကစားပွဲသိမ့်သွား၍ မင်းအနားရပ်လျက် "ငါ၏ချစ်မယား ကာကဝတီသည် ဂဠုန်ပြည်၌ရှိ၏"ဟု သီဆို၏။ ဂဠုန်မင်းက "သင်သည် အဘယ်သို့ သမုဒ္ဒရာကိုကူး၍ လက်ပံပင်ကို တက်သနည်း"ဟု မေး၏။ စောင်းသမားက "သင်နှင့် သမုဒ္ဒရာကိုကူး၍ လက်ပံပင်ကို တက်၏"ဟု ဆို၏။ ဂဠုန်မင်းက ပေါ့သည်၊ လေးသည်ကိုမသိသော ကိုယ်ခန္ဓာကြီးသော ငါသည် စက်ဆုပ်ဖွယ်ရှိလေစွ"ဟု ဆိုပြီး မိဖုရားကို ယူဆောင်၍ မင်းအားပြန်ပေးပြီး ပြန်မလာတော့ပေ။

ဇာတ်ပေါင်း။ စောင်းသမားဖြိုးငွေ့သောရဟန်း။ ဗာရာဏသီမင်းဗုဒ္ဓ။

ကာကဝတီဇာတ်မှ ရရှိသောသင်ခန်းစာ

ဤဇာတ်ကို ဖတ်ရှုရသဖြင့် မိန်းမဟူသရွေ့ လိုမပြည့်၊ တွေ့ရာမှောက်မှားတတ်၊ "ခေါင်းတုံးပေါ် ထိပ်ကွက်၊ သူဦးလက်မှ သူဝှက်လု" ဆိုသည့် အတိုင်း မိန်းမများသည် အလိုမပြည့်ဘဲ တွေ့ရာ မြင်ရာနှင့် မှောက်မှားတတ်ကြသည်။ ခေါင်းတုံးပေါ် ထိပ်ကွက်ကြပုံ၊ သူဦးလက်မှ သူဝှက်လုတတ်ကြပုံ၊ မိန်းမကို လုံခြုံအောင်ထားနိုင်သည့်နေရာ မရှိပုံ စသည့်သင်ခန်းစာများ ရရှိပါသည်။

၈။ အနနုသောစိယဇာတ်အကျဉ်းချုပ်

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌နေစဉ် မယားသေ၍ ပူဆွေးသောကရောက်သဖြင့် မစားသောက်သည့် သူကြွယ်တစ်ဦးကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကို ဟောတော်မူသည်။

http://www.dhammadownload.com

ဘုရားလောင်းပုဏ္ဏားနှင့် အလွန်လှသည့် သူဌေးသမီးတို့သည် အိမ်ထောင်မပြုလိုကြဘဲ မိဘတို့ပေးစား၍ လက်ထပ်ကြသော် ကာမမှုကို မပြုကြပေ။ နောက် ဘုရားလောင်း၏မိဘတို့ကွယ်လွန်သော် ဥစ္စာအားလုံး လှူ၍ ဟိမဝန္တာ၌ ရသေ့ရဟန်းပြုကြ၏။ ကြာမြင့်လာသော် ချဉ်ဆားမှီဝဲရန် ဗာရာဏသီပြည်သွား၍ မင်းဥယျာဉ်၌နေကြ၏။

ရသေ့မသည့် ဝမ်းသွေးသွန်ရောဂါဖြစ်သဖြင့် အားနည်း၏။ ဘုရားလောင်းသည် ဆွမ်းခံချိန်၌ ရသေ့မကို မြို့တံခါးအနီးရှိ ဇရပ်၌အိပ်စေပြီး ဆွမ်းခံ၏။ ပြန်မလာမီ ရသေ့မ သေ၏။ လူတို့သည် ရသေ့မကိုမြင်၍ ဝိုင်းငိုကြ၏။

ဘုရားလောင်းပြန်ရောက်လာပြီး ရသေ့မ သေသည်ကိုမြင်လျှင် အနိစ္စသဘောကိုရှု၍ ဆွမ်းကိုစား၏။ လူတို့ကမေးကြသော် ဘုရားလောင်းက "ဤမိန်းမသည် အသက်ရှင်စဉ်ကပင် ငါနှင့်ဘာမျှမတော်၊ တမလွန်သို့သွားသော် အဘယ်သို့တော်စပ်အုံနည်း။ သို့ဖြစ်၍ အဘယ်ကြောင့် ငိုအုံနည်း"ဟု လူအများအား အနိစ္စသဘောတရားကိုပြောပြပြီး ဟိမဝန္တာသို့သွားလေ၏။ ဘုရားလောင်း ပုဏ္ဏားသည် စုတေသော် ဗြဟ္မာ့ပြည်သို့ လားလေ၏။

ဇာတ်ပေါင်း။ ရသေ့မ-ရာဟုလာမယ်တော်။ ရသေ့-ဗုဒ္ဓ။

အနုသောစိယဇာတ်မှ ရရှိသောသင်ခန်းစာ

ဤဇာတ်ကို ဖတ်ရှုရသဖြင့် လောကီလူသားတို့သည် မိမိတို့၏ ဇနီးမယားသေလျှင် စိတ်ထွေနေတတ်ကြသည်။ သေသူကို ရှင်သူက တမ်းတကြသည်။ အပျက်တရား ပျက်တတ်ငြား၊ ပျက်သွား မစိုးရိမ်၊ ဘုရားလောင်းရသေ့သည် အနိစ္စလက္ခဏာသဘောကို သူကိုယ်တိုင် မြင်ပြီး လူတို့အား ဟောပြသွားပုံ၊ ရုပ်တရား နာမ်တရားတို့သည် ဖောက်ပြန်ပျက်စီးတတ်ပုံ စသည့် သင်ခန်းစာများ ရရှိပါသည်။

၉။ ကာဠဇာဟုဇာတ်အကျဉ်းချုပ်

မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်း၌နေစဉ် လာဘ်ပျောက်ကွယ်သော ဒေဝဒတ်ကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကို ဟောတော်မူသည်။

http://www.dhammadownload.com

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းသည် မုဆိုးတစ်ဦးက ဖမ်းယူဆက်သသည့် ဘုရားလောင်း "ရာဓ"ကျွန်ုပ် သူညီ ပေါဠပါဒတို့ကို ရွှေချိုင့်၌ထားပြီး ရွှေခွက်ဖြင့် ပျားရည် ပေါက်ပေါက်တို့ကို ကျွေး၏။ ထို့နောက် မုဆိုးတစ်ဦးက "ကာဠဟဟု"မျောက်ညိုကိုဖမ်း၍ မင်းအား ဆက်သပြန်၏။ နောက်မှရောက်လာသည့် မျောက်မှာ စားစရာများပေါများ၍ ကျေးသားတို့မှာ လာဘ်ကို မရကြပေ။ ထိုအခါ ပေါဠပါဒကျေးသားငယ်က "အစ်ကို ငါတို့ ဤနေရာ၌ လာဘ်မရ၍ တောသို့သွားအံ့"ဟု ဆို၏။ ဘုရားလောင်း ရာဓက "လူတို့၌ လာဘ်ရခြင်း၊ မရခြင်း၊ ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်း၊ ချမ်းသာခြင်း၊ ဆင်းရဲခြင်း၊ အခြံအရံများခြင်း၊ အခြံအရံမရှိခြင်းတို့သည် မမြဲ။ မစိုးရိမ်လင့်"ဟု ဆို၏။ နှစ်ရက် သုံးရက်ကြာသော် မျောက်ညိုက ရှေ့မှ မဲ့ရွဲ့ပြသဖြင့် မင်းသားငယ်တို့ ကြောက်၍အော်ကြ၏။ မင်းသည် မျောက်ညိုကို နှင်ထုတ်၏။ ထိုအခါကမျှ ကျေးသားတို့မှာ လာဘ်ရကြလေတော့သည်။

ဇာတ်ပေါင်း။ ကာဠဟဟုမျောက်-ဒေဝဒတ်။ ပေါဠပါဒကျေး-အာနန္ဒာ။
ရာဓကျေး-ဗုဒ္ဓ။

ကာဠဟဟုဇာတ်မှ ရရှိသောသင်ခန်းစာ

ဤဇာတ်ကို ဖတ်ရှုရသဖြင့် လာဘ်ရခြင်း၊ မရခြင်း စသည့် လောကဓံရှစ်ပါးကို ခံနိုင်ဖို့လိုသည်။ လူမိုက်တို့၏ စည်းစိမ်ဥစ္စာ လာဘ်လာဘသည် ကြာရှည်မခံ။ လူမိုက်ကောင်းစားလျှင် တစ်ခဏမျှသာဖြစ်သည်။ ကာဠဟဟု မျောက်ကဲ့သို့ ကိုယ့်ထမင်းအိုးကို ကိုယ်ရိုက်မခွဲသင့်ပေ စသည့် သင်ခန်းစာများ ရရှိပါသည်။

၁၀။ သီလဝိမံသဇာတ်အကျဉ်းချုပ်

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် သီလကိုစုံစမ်းတတ်သော ပုဏ္ဏားတစ်ဦးကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကို ဟောတော်မူသည်။

http://www.dhammadownload.com

ဗာရာဏသီမင်း၏ ဘုရားလောင်းပုဏ္ဏားသည် မိမိသီလကိုစုံစမ်းလို၍ သုံးရက်တိုင်တိုင် ရွှေပန်းထိမ်သည် ပျဉ်မှ အသပြာကိုယူသော် သူ့ကိုဖမ်း၍ မင်းကိုအပ်နှံ၏။ ပုဏ္ဏားသည် သီလကိုခိုးမွှမ်းပြီး မင်းကိုခွင့်ပန်၍ ရသေ့ရဟန်း ပြု၏။ သားတစ်ချီသောဌက်သည် အခြားဌက်တို့ ဝိုင်းထိုးခြင်းခံရပြီး သားတစ် မချီသောဌက် အထိုးမခံရသည်ကို ပုဏ္ဏားမြင်သော် "ဤကာမတို့သည် သားတစ်နှင့်တူ၏။ ဤကာမကို ယူဆောင်သူသာ ဆင်းရဲပြီး စွန့်သူမှာ ချမ်းသာ ကြ၏"ဟု ဆို၏။ ထိုနောက် ပုဏ္ဏားသည် မြို့မှထွက်ရာ ရွာတစ်ရွာတွင် လူတစ်ယောက်အိမ်မှာ ဝင်အိပ်၏။ ထိုအိမ်၌ ကျွန်မသည် တံခါးခုံ၌ထိုင်၍ ချိန်းထားသည့်ယောကျ်ားအလာကို မျှော်၍ မလာသဖြင့် အိပ်လေ၏။

ပုဏ္ဏားသည် ထိုအရာကိုမြင်၍ "ကိလေသာတို့၌ တောင့်တခြင်း အာသာသည် ဆင်းရဲ၏။ အာသာမရှိလျှင် ချမ်းသာ၏"ဟု ဆို၏။ ပုဏ္ဏား သည် တောသို့ဝင်၍ စွာန်ဝင်စားနေသည့် ရသေ့ကိုမြင်၍ "စွာန်ချမ်းသာထက် သာလွန်သောချမ်းသာ မရှိ"ဟုဆိုပြီး ရဟန်းပြုလေ၏။ စုတေသော် ဗြဟ္မာ ပြည်သို့ လား၏။

ဇာတ်ပေါင်း။ ပုဏ္ဏား-ဗုဒ္ဓ။

သီလဝီမံသဇာတ်မှ ရရှိသောသင်ခန်းစာ

ဤသီလဝီမံသဇာတ်ကို ဖတ်ရှုရသဖြင့် ကာမဂုဏ်အာရုံတို့သည် သားတစ်နှင့်တူကြောင်း၊ ဤကာမဂုဏ်ကို ယူဆောင်သူတို့သာ ဆင်းရဲ၍ စွန့်ပစ်သူတို့မှာ ချမ်းသာကြောင်း၊ ကိလေသာကို အာသာငမ်းငမ်း တောင့်တ လျှင် ဆင်းရဲကြောင်း၊ အာသာငမ်းငမ်းမရှိလျှင် ချမ်းသာကြောင်း၊ ကာမဂုဏ် စည်းစိမ်သည် မရှိ တောင့်တ၊ ရှိ ကြောင့်ကြသာ ဖြစ်ကြောင်း၊ ကိုယ်ချမ်းသာမှု ထက် စိတ်ချမ်းသာဖို့လိုကြောင်း စသည့် သင်ခန်းစာများရရှိပါသည်။

http://www.dhammadownload.com

၄ - ကောကိလဝဂ်

၁။ ဇကောကိလဇာတ်အကျဉ်းချုပ်

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် အဂ္ဂသာဝကနှစ်ပါးကို ဆဲရေးသဖြင့် ငရဲကျသွားသည့် ကောကာလိကမထေရ်ကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကို ဟောတော်မူသည်။

ဘုရားလောင်းသည် ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း၏ အမတ် ဖြစ်၏။ အမတ်သည် စကားများသည့်မင်းကို တားမြစ်ရန် ဥပမာတစ်ခု ရှာ၏။ တစ်နေ့တွင် မင်းသည် ဥယျာဉ်သို့သွား၍ ကျောက်ဖျာ၌နေစဉ် အထက်တွင် ရှိသော သရက်ပင်ပေါ်မှ ကျီးသားပေါက် ဥဩငှက်သည် အခါမဟုတ်မီ ဥဩသံကို မြည်၏။ ကျီးမက အသံတစ်မျိုးမည်သော ငှက်အား နှုတ်သီးဖြင့် ထိုးဆိတ်၍ အသိုက်မှထုတ်၍ ချ၏။ ထိုဥဩငှက်သည် မင်း၏ခြေရင်းသို့ ကျ၏။ မင်းကမေးသော် ဘုရားလောင်းအမတ်က အကြောင်းစုံပြောပြပြီး "လူဖြစ်စေ တိရစ္ဆာန်ဖြစ်စေ အခါမဟုတ်ဘဲ စကားများသူတို့သည် ဤဆင်းရဲမျိုးကို ခံစားကြရ၏"ဟု ဆုံးမ၏။ မင်းသည် ထိုအခါမှစ၍ စကားမများတော့ပေ။ ဘုရားလောင်းအမတ်အား စည်းစိမ်များစွာကို ပူဇော်လေ၏။

ဇာတ်ပေါင်း။ ဥဩငှက်-ကောကာလိက။ ပညာရှိအမတ်-ဗုဒ္ဓ။

ကောကိလဇာတ်မှ ရရှိသောသင်ခန်းစာ

ဤဇာတ်ကို ဖတ်ရှုရသဖြင့် "အချိန်မကျ၊ စကားစ၊ ပြောကဘေးတွေ့မည်၊ အသံကြောင့် ဖားသေ၊ ကိုယ့်ဒုက္ခ ကိုယ်ရှာ" ဆိုသည့်အတိုင်း စကားများများပြောသူသည် စကားကြောင့်ပင် ပျက်စီးရသော ဥဩငှက်မျိုး ဖြစ်မည်။ စကားကို အခါအခွင့်ချင့်၍ ပြောသင့်မှ ပြောရမည်။ ကိုယ့်ဒုက္ခ ကိုယ်မရှာသင့်ပေ စသည့် သင်ခန်းစာများရရှိပါသည်။

http://www.dhammadownload.com

၂။ ရထလဋ္ဌဇာတ်အကျဉ်းချုပ်

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် အလားတူပြုမူသော ကောသလမင်း၏ ပုရောဟိတ်ပုဏ္ဏားကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကို ဟောတော်မူသည်။

ဘုရားလောင်းသည် ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း၏ အမတ်ဖြစ်၏။ ပုရောဟိတ်သည် ရထားဖြင့် ရွာသို့သွားသော် လှည်းကုန်သည်တစ်ဦးကို မြင်၍ လှည်းကိုဖယ်လော့ဟုဆိုပြီး ရထားကိုနှင်၏။ လှည်းသမားက မရှောင်သော် ရှေ့ဆုံးလှည်းမောင်းသူကို နှင်တံဖြင့်ရိုက်၏။ ထိုနှင်တံသည် လှည်းဦးကို ထိပြီး သူ့ကိုပြန်ပြီးခတ်မိသဖြင့် ပုရောဟိတ်၏နဖူး ယောင်သွား၏။ ပုရောဟိတ်သည် မင်းအား "လှည်းသမားသည် ကျွန်ုပ်ကိုရိုက်၏"ဟု ဆိုသဖြင့် မင်းက လှည်းသမားကိုခေါ်ပြီး မစစ်ဆေးဘဲ "ဥစ္စာအားလုံးကိုသိမ်းလော့"ဟု ဆို၏။ ထိုအခါ ဘုရားလောင်းအမတ်က သင်မင်းကြီးသည် အမှုကိုစစ်မေးပြီးမှ ဆုံးဖြတ်ပါလော့။ အခြို့သူသည် မိမိကိုယ်ကို မိမိသတ်ပြီး သူတစ်ပါးသတ်သည်ဟုဆိုကြ၏" စသည်ဖြင့် လျှောက်သော် မင်းသည် တရားသဖြင့် ဆုံးဖြတ်သော် ပုရောဟိတ်မှာသာ အပြစ်ဖြစ်၏။

ဇာတ်ပေါင်း။ ယခင်ပုရောဟိတ်-ယခုပုရောဟိတ်။ တရားရေးအမတ်-ဗုဒ္ဓ။

ရထလဋ္ဌဇာတ်မှ ရရှိသောသင်ခန်းစာ

ဤဇာတ်ကို ဖတ်ရှုရသဖြင့် မကောင်း ကျောင်းပို့၊ ကိုယ့်အပြစ် သူများပုံချ ဆိုသည့်အတိုင်း လူမိုက်သည် မိမိအပြစ်ကို သူတစ်ပါးအပေါ် ပုံချတတ်၏။ ပညာရှိစကား နားမထောင်လျှင် ဘေးဒဏ်သင့်တတ်သည်။ မကောင်းကျောင်းပို့သဘော သက်ရောက်သည်၊ "အရာရာမှာ စူးစမ်းပါ၊ ကောင်းစွာအကျိုးဖြစ်" ဆိုသကဲ့သို့ အရာရာကို စူးစမ်း၍ လုပ်ကိုင်ပါက ကောင်းသောအကျိုးဖြစ်ထွန်းမည်ဖြစ်သည် စသော သင်ခန်းစာများရရှိပါသည်။

http://www.dhammadownload.com

၃။ ပက္ကဂေါဓဇာတ်အကျဉ်းချုပ်

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် မိမိမယား၏ကျေးဇူးများကို မေ့လျော့ပြီး မြတ်နိုးခြင်းမရှိသော သူကြွယ်တစ်ဦးကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကို ဟောတော်မူသည်။

ဘုရားလောင်းသည် ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း၏အမတ်ဖြစ်၏။ တစ်နေ့တွင် အိမ်ရှေ့မင်းသားက သူ့အသက်ကိုလုပ်ကြံမည်ထင်၍ "ငါ အသက်ရှင်စဉ် အခြားသွားနေပြီး ငါသေမှမင်းပြုလော့"ဟု မင်းကြီးကနှင်ထုတ်၏။ မင်းသားနှင့် မယားနှစ်ဦးသည် တောင်္ခနေပြီး ဗာရာဏသီပြည်သို့ပြန်လာစဉ် မုဆိုးတစ်ဦးထံမှ ဖွတ်ကင်တစ်ခုရ၍ နွယ်ဖြင့်ချိယူလာပြီး ရေကန်အနီးညောင်ပင်ရင်း၌ ထိုင်ကြ၏။ မင်းသားက မယားကိုရေခပ်ခိုင်းပြီး ဖွတ်ကင်ကို စား၍ အမြီးကိုကိုင်ထား၏။ ရေယူ၍ မယားပြန်ခဲ့သော် "ဖွတ်ထွက်ပြေးရာ အမြီးဆွဲမိ၍သာ အမြီးပြတ်ကျန်သည်"ဟု မင်းသားကဆို၏။ ဗာရာဏသီပြည်သို့ပြန်ရောက်သော် မင်းသားသည် မင်းဖြစ်လေ၏။ မိဖုရားအရာ ထားရုံသာထား၍ မြတ်နိုးခြင်း ပေးကမ်းခြင်း မရှိပေ။

ဘုရားလောင်းအမတ်သည် မိဖုရားအား မင်းထံသွားခိုင်းပြီး ပရိသတ်အလယ်၌ မိဖုရား၏ကျေးဇူး၊ ကျေးဇူးမေ့တတ်သော မင်းအပြစ်များကို ထုတ်ဖော်ပြီး ပြော၏။ ထိုအခါမှသာ မိဖုရားအား စည်းစိမ်အာဏာလုံးကိုပေးလေသည်။ ဘုရားလောင်းအားလည်း ကျေးဇူးရှိ၍ များစွာစည်းစိမ်တို့ပေးလေ၏။ **ဇာတ်ပေါင်း။** ယခင်ဇနီးမောင်နှံ=ယခု ဇနီးမောင်နှံ။ ပညာရှိအမတ်=ဗုဒ္ဓ။

ပက္ကဂေါဓဇာတ်မှ ရရှိသောသင်ခန်းစာ

ဤဇာတ်ကို ဖတ်ရှုရသဖြင့် အေးအတူ ပူအမျှ ဆိုသည့်အတိုင်း ဆင်းရဲလျှင်လည်း အတူတူ၊ ချမ်းသာလျှင်လည်း အတူတူ ဖြစ်သင့်သည်။ ဤဇာတ်မှ မင်းသားကဲ့သို့ မဖြစ်သင့်ပေ။ လူမိုက်သည် သူတစ်ပါး၏ကျေးဇူးကို မေ့တတ်သည်။ သူတစ်ပါးကျေးဇူးကိုမမေ့အောင် သတိပေးသော ဘုရားလောင်း အမတ်ကဲ့သို့သာ ဖြစ်သင့်သည်။ ကျေးဇူးရှိကို၊ လှည့်ပတ်ဆို၊ ပုဂ္ဂိုလ်ကြီးပွားမည် စသည့် သင်ခန်းစာများရရှိပါသည်။

http://www.dhammadownload.com

၄။ ရာဇောဝါဒဇာတ်အကျဉ်းချုပ်

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် မင်းအား ဆုံးမခြင်းကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကို ဟောတော်မူသည်။

ဗာရာဏသီမင်းသည် မိမိ၏ကျေးဇူးမဲ့ကိုပြောသူများ ရှာဖွေရာ မြို့တွင်းမြို့ပြင် ဇနပုဒ်တို်၌ မတွေ့ရ၍ မထင်မရှားအသွင်ဖြင့် တောသို့သွား သော် ဘုရားလောင်း စျာန်ရရသေ့ထံရောက်သွား၏။ ဘုရားလောင်းက မင်းအား "ဤညောင်သီးကိုစား၍ ရေသောက်လော့"ဟု ဆို၏။ မင်းသည် စား၍ ရေသောက်ပြီး "ဤအသီးသည် အဘယ်ကြောင့်ချိုသနည်း"ဟု မေး၏။ ဘုရားလောင်းက "မင်းတရားစောင့်၍ ချို၏၊ တရားစောင့်သော် သစ်မြစ် သစ်သီးအားလုံး ချို၍ သြဇာရှိ၏"ဟု ပြော၏။ မင်းသည် မိမိ မင်းဖြစ်သည်ကို မသိစေဘဲ ပြန်လာပြီး ထိုစကားကိုစုံစမ်းရန် အဓမ္မ (မတရား)မင်းပြု၏။

အတန်ကြာသော် မင်းသည် ဘုရားလောင်းထံပြန်သွားခဲ့၏။ ညောင် သီးမှည့်ကို စားခိုင်းပြန်ရာ ခါးသဖြင့် ထွေးပစ်၏။ ထိုအခါ ဘုရားလောင်းက "မင်းတို့ တရားမစောင့်သည့်အခါ၌ သစ်သီးကြီးငယ်အားလုံး မချို့ကြ၊ သြဇာ မရှိကြကုန်"ဟု ဆို၏။ မင်းသည် မိမိ မင်းဖြစ်ကြောင်းပြောပြ၍ "အရှင်ဘုရား ရှေး၌ ညောင်သီးမှည့်ကို ကျွန်ုပ်သည်သာ ချိုအောင်လုပ်၍ ခါးအောင်လည်း လုပ်ခဲ့ပြီ။ ယခုမှစ၍ ချိုအောင်လုပ်အံ့"ဟုဆို၍ ရှိခိုးပြီး တရားသဖြင့် မင်းပြု လေတော့၏။ သစ်သီးကြီးငယ်တို့သည်လည်း ချိုသောအရသာအပြည့်ရှိလာ ကြလေသည်။

ဇာတ်ပေါင်း။ မင်း-အာနန္ဒာ။ ရသေ့-ဗုဒ္ဓ။

ရာဇောဝါဒဇာတ်မှ ရရှိသောသင်ခန်းစာ

ဤဇာတ်ကို ဖတ်ရှုရသဖြင့် မင်းတို့သီလရှိလျှင် အသီးအမြစ်တို့ ချိုကြ ၏။ "ကတိသစ္စာ၊ တည်သောခါဝယ်၊ ရသာလေးနက်၊ ပေါ်ဆီတက်၍၊ နွယ်မြက်သစ်ပင်၊ ဆေးဖက်ဝင်၏" ဆိုသည့်အတိုင်း တရားသဖြင့်မင်းပြုလျှင်

http://www.dhammadownload.com

နွယ်မြက်သစ်ပင်တို့သည် ဆေးဖက်ဝင်၍ အသုံးတည့်ကြသည်။ မင်းတို့ တရားစောင့်လျှင် မိုးမှန်မှန်ရွာ၍ တိုင်းပြည်ဝပြောမည် စသည့် သင်ခန်းစာများ ရရှိပါသည်။

၅။ ဇမ္ဗုကဇာတ်အကျဉ်းချုပ်

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် ဒေဝဒတ်၏ ဘုရား အတုပြုခြင်းကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကို ဟောတော်မူသည်။

ဘုရားလောင်းခြင်္သေ့မင်းသည် ဟိမဝန္တာ၌နေစဉ် ကျွဲကိုသတ်စားပြီး ပြန်လာသော် မြေခွေးတစ်ကောင်ကမြင်၍ မပြေးသာသဖြင့် ရှေ့မှာဝပ်လျက် "ကျွန်ုပ်သည် အရှင့်ကို ခစားလို၏"ဟုဆို၍ ခြင်္သေ့သည် မြေခွေးကိုခေါ်လာပြီး နေ့စဉ် အမဲသားကျွေး၏။ မြေခွေးသည် ခြင်္သေ့စားကြွင်းစားကျန်စားရ၍ ဝဖြိုးလာ၏။

မြေခွေးသည် ဟန်ဆောင်၍ ခြင်္သေ့အား "ကျွန်ုပ်သည် ဆင်သတ်စားပြီး အရှင့်အဖို့ယူခဲ့အံ့"ဟု ဆို၏။ ခြင်္သေ့က "သင် ဆင်ကိုမသတ်နိုင်"ဟုတား၏။ မြေခွေးသည် ခြင်္သေ့တားသော်လည်း တောင်ထိပ်၌ရပ်၏။ မြေခွေးသည် တောင်ခြေရင်းရှိ ဆင်ကိုမြင်လျှင် "ထိုဆင်၏ဦးကင်း၌ ကျအံ့"ဟုခုန်သော် ဆင်ခြေရင်း၌ကျ၏။ ဆင်သည် မြေခွေးဦးခေါင်းကို နင်းသတ်ပြီး မြည်လျက်သွား၏။ ခြင်္သေ့သည် မြေခွေးသေသည်ကိုမြင်လျှင် "ဤမြေခွေးသည် မာန်ကိုမှီ၍ ပျက်စီး၏။ မိမိဉာဏ်အလျောက် အမှုကိုပြုသင့်၏။ ဤသို့ပြုသူသည် များသောအကျိုးကိုရနိုင်၏"ဟု ဆိုလေ၏။

ဇာတ်ပေါင်း။ မြေခွေး-ဒေဝဒတ်။ ခြင်္သေ့-ဗုဒ္ဓ။

ဇမ္ဗုကဇာတ်မှ ရရှိသောသင်ခန်းစာ

ဤဇာတ်ကို ဖတ်ရှုရသဖြင့် "ခွေးအလုပ် မြင်းဝင်ရှုပ်၊ ဝါးရင်းတုတ်နှင့် အရိုက်ခံရ" ဆိုသကဲ့သို့ မြေခွေးကို ဆင်နင်းသတ်ခံရသည်ကိုလည်းကောင်း။ ခန္ဓာကိုယ်ဆူဖြိုးလာလျှင် သတ္တဝါတို့သည် မာန်တက်လာသည်။ အရာရာ

http://www.dhammadownload.com

တိုင်းတွင် မိမိဉာဏ်မီသလောက်သာ ပြုလုပ်သင့်သည်။ မာန်မာနသည် အရာရာတိုင်း၌ မထားသင့်ပေ။ "မာနဖိစီး အထင်ကြီး၊ ပျက်စီးတတ်လေသည်" ဆိုသည့်အတိုင်း မာန်မာနကြောင့် မြေခွေးသည် ပျက်စီးရလေသည် စသည့် သင်ခန်းစာများရရှိပါသည်။

၆။ ဖြဟာဆတ္တဇာတ်အကျဉ်းချုပ်

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် အံ့သြဖွယ်ကိုပြုတတ်သော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကို ဟောတော်မူသည်။

ဘုရားလောင်းသည် ဗာရာဏသီပြည် ဖြဟ္မဒတ်မင်း၏အမတ်ဖြစ်၏။ ထိုမင်းသည် စစ်သည်များစွာဖြင့် သာဝတ္ထိပြည်သွား၍ စစ်ထိုးပြီး ကောသလမင်းကိုဖမ်း၏။ မင်းချင်းတို့ကိုထားခဲ့ပြီး ဥစ္စာတို့ကိုယူဆောင်၍ ကြေးအိုးတို့တွင်ထည့်ပြီး သူ၏ဥယျာဉ်၌ မြှုပ်ထား၏။ ကောသလမင်း၏ သားသည် စစ်ထိုးစဉ် မထင်မရှားအသွင်ဖြင့် တက္ကသိုလ်ပြည်ထွက်ပြေး၍ အတတ်ပညာသင်ပြီး ပြန်လာသော် ရွာတစ်ရွာအနီးရှိ တောင်၌နေသော ရသေ့ငါးရာတို့ထံ အတတ်ပညာသင်ယူပြန်၏။ နောက် သူသည် ဂိုဏ်းဆရာရသေ့ဖြစ်လာပြီး ထိုရသေ့တို့နှင့်အတူ ဗာရာဏသီသို့သွား၍ မင်း၏ဥယျာဉ်၌နေပြီး မင်းအား မိမိကိုကြည်ညိုအောင် အံ့သြဖွယ်တို့ကိုပြုလုပ်ပြ၏။

တစ်နေ့တွင် မင်းသားသည် မန္တန်ကိုမန်း၍ "ဤမင်းသည် ဘယ်အရပ်မှာ ငါ့ဖခင်၏ဥစ္စာတို့ကို မြှုပ်နှံထားသနည်း"ဟု ကြည့်သော် ဥယျာဉ်၌ မြှုပ်ထားသည်ကိုသိ၍ ရသေ့တို့အား ညအခါ၌ ဥစ္စာအိုးတို့ကိုထုတ်၍ သားရေအိတ်တို့၌ထည့်ယူစေပြီး သာဝတ္ထိပြည်သို့ပြေးလေ၏။ ကောသလမင်း၏သားသည် ဗာရာဏသီမင်း၏ မင်းချင်းအားလုံးဖမ်းစေပြီး သာဝတ္ထိပြည်ကို သိမ်း၍ မင်းပြု၏။ ဗာရာဏသီမင်းသည် ထိုအကြောင်းကိုကြား၍ ဥစ္စာဆုံးရှုံးခြင်းအတွက် ပူဆွေးသောကရောက်သော် ဘုရားလောင်းအမတ်သည် ဗာရာဏသီမင်းအား တရားဟော၍ သောကကင်းအောင် ပြုပေးလေ၏။

http://www.dhammadownload.com

ဇာတ်ပေါင်း။ ဗြဟာဆတ္တ-အုံသြဖွယ်ကိုပြုတတ်သောရဟန်း။
ပညာရှိ အမတ်-ဗုဒ္ဓ။

ဗြဟာဆတ္တဇာတ်မှ ရရှိသောသင်ခန်းစာ

ဤဇာတ်ကို ဖတ်ရှုရသဖြင့် ပညာရှိသည် ရန်သူကို အနုနည်းဖြင့် အနိုင်ယူတတ်ပုံ၊ ပညာဆောင်ငြား စီးပွားပြန်ရ "မိမိပညာ၊ ခွင့်ပေါ်ခါ၊ ပြပါအောင်မြင်ကြောင်း"ဆိုသည့်အတိုင်း အတတ်ပညာကို တတ်မြောက်အောင် သင်ယူပြီး ပစ္စည်းဥစ္စာများ ပြန်လည်ရရှိအောင် စွမ်းဆောင်နိုင်ပုံ စသည့် သင်ခန်းစာများရရှိပါသည်။

၇။ ပိဋ္ဌဇာတ်အကျဉ်းချုပ်

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် အနာထပိဏ်သူဌေး၊ ဝိသာခါတို့၏ အိမ်တံခါးကို အလွန်စောစွာ ဆွမ်းခံသွား၍ တစ်စုံတစ်ရာမျှ မရခဲ့သော် ကဲ့ရဲ့ရှုတ်ချသည့် ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကို ဟောတော်မူသည်။

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက်တွင် ဟိမဝန္တာနေ ဘုရားလောင်း ရသေ့သည် ချဉ်ဆားမှီဝဲရန် ဗာရာဏသီသွား၍ မင်းဥယျာဉ်၌နေ၏။ နောက်တစ်နေ့ ဆွမ်းခံဝင်သော် ဗာရာဏသီသူဌေးအိမ်သို့ သဒ္ဓါတရားရှိသည်ဟုကြားသော် သွား၏။ သူဌေးသည် မင်းခစား သွားနေသည်ဖြစ်၍ ဘုရားလောင်းသည် တစ်စုံတစ်ရာမရသော်လည်း နှလုံးမသာမယာမရှိဘဲ ပြန်သွား၏။ မင်းထံမှပြန်လာသည့် သူဌေးသည် ဘုရားလောင်းကိုမြင်သော် အိမ်ပင့်၍ ဆွမ်းလုပ်ကျွေး၏။

သူဌေးက ကျွန်ုပ်၏သူငယ်တို့ မမြင်၍ အရှင်ဘုရားကို ဆွမ်းနေရာ၊ ရေတို့မပေးလျှမိသည့်အတွက် သည်းခံပါ။ လျှုခြင်း၊ ရဟန်းပုဏ္ဏားတို့အား လုပ်ကျွေးခြင်းတို့သည် ဘိုးဘွားစဉ်ဆက် အလေ့အကျင့်ဖြစ်၏ဟု လျှောက်၏။ ဘုရားလောင်းသည် နှစ်ရက်သုံးရက် သူဌေးသားအား တရားဟော၍

http://www.dhammadownload.com

ဗာရာဏသီ၌နေပြီး ဟိမဝန္တာသို့သွားလေ၏။ သူသည် စုတေသော် ပြဟ္မာပြည်သို့ လားလေ၏။

ဇာတ်ပေါင်း။ ဗာရာဏသီသူဌေး-အာနန္ဒာ။ ရသေ့-ဗုဒ္ဓ။

ပီဌဇာတ်မှ ရရှိသောသင်ခန်းစာ

ဤဇာတ်ကို ဖတ်ရှုရသဖြင့် "ကိုယ့်အလွဲ သူ့စွဲ၊ ရဟန်းဖြစ်ငြား၊ သူတစ်ပါး မျက်ပွားမသင့်ပေ" ဆိုသည့်အတိုင်း သူဌေးအိမ်သို့ စောစီးစွာသွားသဖြင့် ဆွမ်းစသည် တစ်စုံတစ်ရာမရသော်လည်း ပညာရှိသူတော်ကောင်းသည် လာဘ်ရခြင်း မရခြင်း၌ ဝမ်းနည်းဝမ်းသာ မရှိပေ။ ဘုရားလောင်း၏ထုံးကို နှလုံးမူသင့်ပါသည် စသည့် သင်ခန်းစာများ ရရှိပါသည်။

၈။ ထူသဇာတ်အကျဉ်းချုပ်

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် အသက်ကြီးသော် ဤသားငယ်သည် မိမိကိုသတ်မည်ဟုသိလျက်နှင့် သား အဇာတသတ်မင်းသားကို အလွန်ချစ်မြတ်နိုးသဖြင့် အန္တရာယ်ကို မကာကွယ်သော ဗိမ္မိသာရမင်းကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကို ဟောတော်မူသည်။

တက္ကသိုလ်ပြည် ဘုရားလောင်း ဒိသာပါမောက္ခသည် မင်းသားပုဏ္ဏားလုလင်တို့အား ပညာသင်ပေး၏။ ဆရာသည် ပညာသင်ပြီးပြန်ရန် ခွင့်ပန်သော ဗာရာဏသီမင်း၏သားကို အင်္ဂါဝိဇ္ဇာအတတ်ဖြင့်ကြည့်၍ ထိုမင်းသားအား သားကိုမှီပြီး အန္တရာယ်ဖြစ်မည်ကိုမြင်၏။ ထိုအန္တရာယ်မှ ကင်းစေရန် "ဝိဒိသံ ထုသံ ဥန္နုရာနံ" စသော လေးဂါထာကို "သင်မင်းဖြစ်၍ သင်၏သား အရွယ်ရောက်သော် ဤဂါထာကိုရွတ်လော့"ဟု ဆို၍ ပေးလိုက်၏။

မင်းသားသည် ဗာရာဏသီပြည်သို့ပြန်၍ အဖသေသော် မင်းဖြစ်၏။ ထိုမင်း၏သားသည် အရွယ်ရောက်သော် ထီးနန်းကိုယူလိုသဖြင့် ဖခင်အား အဆိပ်ကျွေးသတ်ရန် အဖနှင့်အတူ ညစာစားစဉ် အဆိပ်ကိုကိုင်ထား၏။

http://www.dhammadownload.com

မင်းသည် ထမင်းစားမည်ပြုစဉ် ပထမဂါထာကိုရွတ်၏။ မင်းသားသည် "ဖခင်သေပြီ"ဟု ကြောက်ပြီးပြေး၏။

တစ်ဖန် သန်လျက်ကိုင်ပြီး ခစားရသည့်အခါ၌ မင်းသားသည် သန်လျက်စွဲ၍သွားပြီး သတ်ခွင့်ကိုစုံစမ်း၏။ ထိုခဏ၌ မင်းသည် ဒုတိယဂါထာကိုရွတ်၏။ မင်းသားသည် "အဖဟာ ငါ့ရန်သူဖြစ်သည်ကို သိ၏"ဟုဆိုကာ ပြေး၏။

တစ်ဖန် မင်းသားသည် တစ်နေ့တွင် မင်းကိုသတ်ရန် သန်လျက်ကိုယူ၍ စောင်းတန်းထိပ်၌ရပ်၏။ မင်းသည် စောင်းတန်းထိပ်၌ရပ်၍ တတိယဂါထာကိုရွတ်၏။ မင်းသားသည် "ဖခင်ကား ငါ့ကိုသိပြီ၊ ငါ့ကိုဖျက်ဆီးမည်"ဟု ကြောက်၍ထွက်လာပြီး သန်လျက်ကိုချကာ မင်းခြေရင်း၌ ဝပ်၍ တောင်းပန်၏။ မင်းသည် မင်းသားကို သံခြေကျင်းဖြင့် နှောင်ဖွဲ့စေပြီး နှောင်အိမ်မှာသွင်း၍ အစောင့်ချထား၏။ ထိုမင်းကွယ်လွန်မှ အမတ်တို့က ထိုမင်းသားကို နှောင်အိမ်မှထုတ်၍ မင်းမြှောက်ကြလေသည်။

ဇာတ်ပေါင်း။ ဒိသာပါမောက္ခဆရာ-ဗုဒ္ဓ။

ထုသဇာတ်မှ ရရှိသောသင်ခန်းစာ

ဤဇာတ်ကို ဖတ်ရှုရသဖြင့် "ရန်သူလူမိုက်၊ ဝေးရာ၌၊ ထားထိုက်လှပေသည်" ဆိုသကဲ့သို့ ရန်သူလူမိုက်ကို ဝေးရာ၌သာ ထားထိုက်ပါသည်။ ဒိသာပါမောက္ခဆရာကြီးကြောင့်သာ မင်းကြီးသည် အသက်ဘေးမှလွတ်မြောက်ရသည်။ ပညာရှိစကားကို လိုက်နာသူသည် ဘေးကင်း၍ချမ်းသာမည်ဖြစ်သည့် စသည့် သင်ခန်းစာများ ရရှိပါသည်။

၉။ ဗာဝေရုဇာတ်အကျဉ်းချုပ်

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် မြတ်စွာဘုရားပွင့်တော်မူသောအခါ လာဘ်လာဘ ကွယ်ကြသော တိတ္ထိတို့ကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကို ဟောတော်မူသည်။

http://www.dhammadownload.com

ဘုရားလောင်းဥဒေါင်းမင်းသည် တောခွ်ကျက်စား၏။ ကုန်သည်အချို့သည် ငှက်သတ္တဝါမရှိသည့် ဗာဝေရုတိုင်းသို့ ကျီးတစ်ကောင်ကိုယူ၍ လှေဖြင့်သွားကြ၏။ ဗာဝေရုတိုင်းသားတို့သည် စုဝေးကြပြီး ကျီးကိုနှစ်သက်သဖြင့် ကုန်သည်တို့ဆိုဈေး ငွေတစ်ရာဖြင့်ဝယ်ပြီး ရွှေချိုင့်ခွံထားကာ ငါး အမဲသစ်သီးကြီးငယ်တို့ဖြင့် ကျွေးမွေး၏။ ကုန်သည်တို့သည် ဥဒေါင်းကိုဖမ်း၍ ကောင်းစွာသင်ကြားပြီး ဗာဝေရုတိုင်းသို့ ပြန်သွား၏။

ဥဒေါင်းသည် လူများစုဝေးလာကြသော် လှေဦးခွံရပ်ကာ အတောင်ကိုဖြန့်ပြီး အသံသာသာယာယာဖြင့် တွန်၍က၏။ လူတို့သည် ဥဒေါင်းမင်းကို နှစ်သက်သဖြင့် ထိုကုန်သည်တို့ဆိုဈေး ငွေတစ်ထောင်ဖြင့် ဝယ်ကြ၏။ ထိုသူတို့သည် ဥဒေါင်းမင်းကို ရတနာခုနစ်ပါးဖြင့်ပြီးသော ချိုင့်ခွံထား၍ ငါး၊ အမဲ၊ သစ်သီး၊ ပေါက်ပေါက်တို့ဖြင့် ကျွေးမွေး၏။ ကျီးကိုမူ တစ်ယောက်မျှ မကြည့်လိုဘဲ တစ်စုံတစ်ခုမျှမပေးကြတော့ပေ။ ကျီးသည် အစာမရသော် "ကာကာ"ဟုမြည်လျက် ပျံသွားပြီး မစင်စွန့်ရာ၌ အစာကိုယူလေ၏။

ဇာတ်ပေါင်း။ ကျီး=နိဂဏ္ဌနာဌပုတ္တ။ ဥဒေါင်းမင်း=ဗုဒ္ဓ။

ဗာဝေရုဇာတ်မှ ရရှိသောသင်ခန်းစာ

ဤဇာတ်ကို ဖတ်ရှုရသဖြင့် "နေမထွက်ခင် လဘုရင်" ဆိုသည့်အတိုင်း နေမထွက်ခင်မှာ လသည် အလင်းရောင်ကိုပေးစွမ်းနိုင်သော်လည်း နေမင်းကြီး ထွက်ပေါ်လာသော် လ၏အလင်းရောင်သည် မှေးမှိန်သကဲ့သို့ ဤဇာတ်မှ ကျီးသည်လည်း ဥဒေါင်းမင်း၏အလှနှင့်ယှဉ်က မှေးမှိန်ခဲ့ရပြီး နေရောင်လည်း ရောက် လလည်းပျောက်သလို ဖြစ်ရသည်။ ထိုနည်းတူ ပညာရှိရောက်လာလျှင် လူမိုက်များ ပျောက်ကွယ်ရသည် စသည့် သင်ခန်းစာများရရှိပါသည်။

၁၀။ ဝိသယှဇာတ်အကျဉ်းချုပ်

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌နေစဉ် တံခါးမုခ်စောင့်နတ်က မလှူအောင်လုပ်သော်လည်း မလှူဘဲမနေနိုင်သော အနာထပိဏ်သူဌေးကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကို ဟောတော်မူသည်။

http://www.dhammadownload.com

ဘုရားလောင်း ဝိသယ္ဖသူဌေးသည် နေ့စဉ် ခြောက်သိန်းသောအလှူကိုပေး၍ သီလစောင့်၏။ သိကြားမင်းသည် ဝိသယ္ဖက အလှူကိုပေး၍ သိကြားအဖြစ်ရယူမည်ကိုစိုးရိမ်သဖြင့် သူ၏ဥစ္စာများနှင့် ကျွန်တို့ကို ပျောက်ကွယ်စေ၏။ ဝိသယ္ဖသည် မလှူရလျှင်မနေနိုင်သဖြင့် အလှူပေးဖို့ မြက်ရိတ်ပြီး ရောင်းရသောငွေတစ်ပဲကို သူတောင်းစားတို့အားလှူလိုက်သဖြင့် ကုန်သွား၏။ ထိုနေ့မှစ၍ မယားနှင့်အတူ ခြောက်ရက်တိုင် အစာမစားရပေ။ ခုနစ်ရက်မြောက်နေ့တွင် အစာပြတ်သည့် ဝိသယ္ဖသည် မြက်ရိတ်ရာတွင် မူးဝေ၍ သတိလစ်ပြီးလဲကျလေ၏။ သိကြားမင်းသည် ကောင်းကင်၌ရပ်လျက် "အလှူမလှူလျှင် သင်၏စည်းစိမ်တို့သည် တည်ကုန်ရာ၏"ဟု ဆို၏။ ဝိသယ္ဖက "သင်သိကြားမင်းသည် ယုတ်မာသည့်အမှုကို ပြု၏။ ငါသည် ဥစ္စာမရှိသော်လည်း မြက်ရိတ်၍ အလှူပေးအံ့"ဟု ဆို၏။ သိကြားမင်းက အလှူပေးခြင်း၏အကြောင်းကိုမေးသော် ဝိသယ္ဖက "ငါသည် သဗ္ဗညုတဉာဏ်ကို တောင့်တ၍ အလှူပေး၏"ဟု ဆို၏။ သိကြားမင်းသည် ဝိသယ္ဖကိုနှစ်သက်၍ လက်ဖြင့်ကျောကိုဆုပ်နယ်ပေး၏။ ထိုခဏ၌ပင် ဝိသယ္ဖသည် အစာစားရသကဲ့သို့ ဝမ်းပြည့်သွား၏။ သိကြားမင်းသည် တန်ခိုးဖြင့် ဝိသယ္ဖ၏အိမ်တွင် စည်းစိမ်ဥစ္စာ အခြံအရံတို့တည်စေပြီး "သင်သည် ယခင်ကထက် နှစ်ဆတိုး၍ လှူပါလော့"ဟု ဆိုပြီး များစွာသောဥစ္စာတို့ကိုထား၍ ပြန်သွားလေ၏။

ဖာတ်ပေါင်း။ သူဌေးမယား-ရာဟုလာမယ်တော်။ ဝိသယ္ဖသူဌေး-ဗုဒ္ဓ။

ဝိသယ္ဖာတ်မှ ရရှိသောသင်ခန်းစာ

ဤဖာတ်ကို ဖတ်ရှုရသဖြင့် ဝိသယ္ဖသူဌေးသည် အလှူဒါနကိုမလျှဘဲ မနေနိုင်သော သူဌေးတစ်ဦးအဖြစ် တွေ့မြင်နိုင်ပြီး အလှူပေးဖို့ဆိုလျှင် အစားအစာကိုပင် အငတ်ခံတတ်သူဖြစ်သည်။ လှူစရာဝတ္ထုမရှိလျှင် မြက်ရိတ်၍ ရသောငွေဖြင့် အလှူပေးလေ့ရှိသည်။ ဝိသယ္ဖမသေခင်မှာ ဒါန သီလ ဘာဝနာမှု ပြုလုပ်ခြင်းသည် အချိန်ရှိခိုက် လုံ့လစိုက်ခြင်းဖြစ်သည်။

http://www.dhammadownload.com

"လှူဒါန်းစွန့်ကြဲ၊ ပစ္စည်းမွဲ၊ ခုပဲပြန်လည်ရ"ဆိုသကဲ့သို့ ဝိသယ္ဟ၏အိမ်တွင် စည်းစိမ်ဥစ္စာတို့ကို ခဏအတွင်းမှာပင် ပြန်လည်ရရှိလာခဲ့သည်။လူသားအားလုံးတို့သည်လည်း ဝိသယ္ဟကို နည်းယူသင့်သည် စသည့် သင်ခန်းစာများရရှိပါသည်။